ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (7-6-2005) (၄၆၁၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဒုဋ္ဌဝတီတံတား(နောင်ချို)ပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မန်းတိုင်အရောက် တက်လှမ်း

ဒုဋ္ဌဝတီတံတား(နောင်ချို)သည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း နောင်ချိုမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့အကြား ခြားနေသည့် ဒုဋ္ဌဝတီမြစ်၏ သဘာဝအကန့်အသတ်၊ အဆီးအတားကို ပေါင်းကူးကျော်လွှား ဆက်စပ်ပေးနိုင်သည့်နည်းတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးလုပ်ငန်းတွင်လည်း မည်သို့သော ကန့်သတ်တားဆီးပိတ်ပင်မှု၊ လုပ်ကြံဖန်တီးမှု၊ ဖိအားပေးမှုများ ကြုံတွေ့စေကာမူ အမျိုးသားရေးစွမ်းအား၊ အမျိုးသားရေးအားမာန်တို့ဖြင့် ကျော်လွှားရုန်းကန်ပြီး အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့ အရောက်တက်လှမ်းကြပါစို့။

နိုင်ငံတော်၏ အောင်မြင်မှုရလဒ်များ ပျက်စီးရာပျက်စီးကြောင်းအတွက် အဖျက်သမားအင်အားစုအချို့ နိုင်ငံရေးနည်းအရရော၊ အကြမ်းဖက်နည်းလမ်းများအရပါ ပူးပေါင်းကြံစည်လုပ်ကိုင် ဖန်တီးလာ

ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအစီအစဉ်များ တုံ့နှေးရပ်တန့်မသွားရအောင် တိုင်းရင်းသားပြည်သူအပေါင်းက အမြော်အမြင်တရားဖြင့် အထူးသတိရှိရှိ ဝိုင်းဝန်းကာကွယ်

ရန်ကုန် ဇွန် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆက်သွယ်သော ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၇-၆-၂၀၀၅
(အင်္ဂါနေ့)

နိုင်ငံတော်၏ အားပေးကူညီမှုများကိုရယူ ဈေးကွက်လိုအပ်ချက်နှင့်အညီ စက်ပစ္စည်းများထုတ်လုပ်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအားလုံး လူနေမှုအဆင့်မြင့်မားလာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးရင်း လိုအပ်ချက်များကို ဒေသစုံ၊ ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်က ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များကို တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေသည့် လုပ်ဖော်ကိုင်ဖက် အင်အားစုများအဖြစ် သဘောထားပြီး လုပ်ကိုင်မှုအခွင့်အလမ်းများနှင့်အတူ အဘက်ဘက်က အားပေးကူညီပံ့ပိုးပေးနေသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထား အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်ပပို့ကုန် ထုတ်လုပ်မှုလုပ်ငန်းများနှင့် မြေယာအခြေပြု စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း စီမံဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် စက်မှုအခြေခံရှိသည့် နယ်မြေဒေသများ၊ အခြေအနေပေးသော နယ်မြေဒေသများ၌ စက်မှုဇုန်များ ထူထောင်ကာ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ ပေါ်ထွက်လာရေး အားပေးကူညီနေသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန်လ ၄ ရက်နေ့က ရှမ်းပြည်နယ်ခရီးစဉ်အတွင်း တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အေးသာယာ စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **"ဒေသခံစက်မှုလုပ်ငန်းရှင်များကလည်း ကိုယ့်လက်ကိုယ့်ခြေဖြင့် မိမိတို့၏ သံရည်ကျို သံထည် လုပ်ငန်းများအပါအဝင် စက်မှုလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးအောင်၊ အဆင့်အတန်းရှိပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်မိအောင် ကြိုးစားအားထုတ်စေလိုကြောင်း၊ နိုင်ငံတော်၏ စေတနာဖြင့် မတည်ကူညီမှု၊ စောင့်ရှောက်မှုများကို အပြည့်အဝအသုံးချ၍ တက်တက်ကြွကြွ အားထုတ်လုံးပန်းကြရန် အရေးကြီးကြောင်း"** မှာကြားသွားသည်။

စက်မှုဇုန်များကို ၁၉၉၅ ခုနှစ်မှစတင်၍ ဖွဲ့စည်းထူထောင်ပေးခဲ့ရာ ယခုအခါ စက်မှုဇုန်များအလိုက် ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန် ရရှိတိုးတက်ဖြစ်ထွန်းနေသည်။ ယင်းသို့ ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည့် စက်မှုဇုန်များအနက် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီပုဂ္ဂလိကသံရည်ကျို၊ စက်ခုတ်စား၊ ပုံဖိပုံထောင်းစက်ရုံအလုပ်ရုံများ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်က နိုင်ငံခြားသုံးငွေမတည် ကူညီဖြည့်ဆည်းခြင်း အပါအဝင် လိုအပ်သည့် အားပေးကူညီမှုများ ဆောင်ရွက်ပေးနေသည်။

နိုင်ငံတော်အစိုးရက အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာ သုံးစွဲရသည့် နိုင်ငံပိုင်စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများကိုပါ အခြေခိုင်ခိုင်ဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် အစီအမံများ ချမှတ်ဖော်ဆောင်နေခြင်းဖြစ်သည်။

အရှိန်အဟုန်ရရှိနေသည့် စက်မှုဇုန်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် အေးသာယာစက်မှုဇုန်ကိုလည်း ခေတ်မီစက်ရုံ အလုပ်ရုံများ ပေါ်ထွက်လာရေး၊ ခေတ်မီသံရည်ကျိုစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။

ယခုအခါ အေးသာယာစက်မှုဇုန်မှ မော်တော်ယာဉ်ငယ်၊ ကုန်တင်ယာဉ်များ၊ မော်တော်ယာဉ်အပိုပစ္စည်းအမျိုးမျိုး အပါအဝင် စပါးခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ သစ်ဆိမ့်သီး အဆန်ထုတ်စက်များကို ထုတ်လုပ်လျက်ရှိသည်။

သို့ဖြစ်ရာ စက်မှုဇုန်များမှ တာဝန်ရှိသူအသီးသီးနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုများကို အပြည့်အဝရယူ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အရည်အသွေး အဆင့်အတန်းရှိရှိတိုးတက်ရေး၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ စက်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်မိရေးတို့အတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂျိုးဖြူစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါ စံပြကျေးရွာထိပ်ရှိ ဖွင့်ပွဲအခမ်းအနား မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဂျိုးဖြူစံပြကျေးရွာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျေးရွာဆိုင်းဘုတ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဂျိုးဖြူစံပြကျေးရွာရှိ "ယွန်းနဒီ" စာကြည့်တိုက်သို့ သွားရောက်၍ မဂ္ဂဇင်း၊ ဂျာနယ်များ၊ နေ့စဉ်ထုတ် သတင်းစာများနှင့် စာအုပ်စာတမ်းများ ပြသထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစိုးနိုင်က လက်ခံရယူသည်။

လိုက်လံကြည့်ရှု

ယင်းနောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက အသင်းဝင် အဆိုပြုလွှာ ၄၀၀၀ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံရယူသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ အသင်းဝင် အဆိုပြုလွှာ ၅၆၀၀ ကို ပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက လက်ခံရယူသည်။

လက်ခံ

ယင်းနောက် တိုက်ကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သီတာက တိုက်ကြီးမြို့နယ် ကြို့ချောင်းကျေးရွာအုပ်စု မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲမှ အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့က ဂျိုးဖြူ စံပြကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဂျိုးဖြူစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်စိန်က လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းအတွင်း စံပြကျေးရွာများ ဖွင့်လှစ်နိုင်ခဲ့မှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် စံပြကျေးရွာ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပြသထားရှိသည့် ဝါးဖြင့် ပြုလုပ်သည့် လက်မှုပစ္စည်း အရောင်းပြခန်း၊ ဂျိုးဖြူစံပြကျေးရွာမှ စိုက်ပျိုးထွက်ရှိသည့် မော်ဘီ(၂) စပါးမျိုးနှင့် ဟင်းသီးဟင်းရွက်စားပင် သီးနှံများနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ရောင်းချသည့် ဝင်းသူဇာ အရောင်းဆိုင်တို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဇနီးနှင့် ဧည့်သည်တော်များသည် ဂျိုးဖြူ ကျေးရွာအုပ်စု မူလတန်းကြိုကျောင်းသို့ ရောက်ရှိလာပြီး ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကာ စားစရာ မုန့်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်း သန့်ရှင်းသည့် သောက်သုံးရေရရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူစံပြကျေးရွာဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(ရန်ကုန်တိုင်း)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ်**
(က) **The nature of Induction. (1st Philosophy.)**
(ခ) **Civil Law and Producer Law. (4th Law.)**
၅:၂၅ ၉။ ပညာခေတ်
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ကြမ္မာ" (အပိုင်း-၂၉)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူသူရဲကောင်း" အပိုင်း(၁၅)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသံအမတ်ကြီးနှင့် ဩစတြေးလျသံအမတ်ကြီးတို့ တွေ့ဆုံ

ရန်ကုန် ဇွန် ၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျူဟွမ်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျမနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)သည် မွန်းလွဲ ၂ နာရီ ၁၅မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းသို့ အသီးသီး လာရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ မနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ဂျိုးဇက်(ဖ်) ဒေးဗစ်(စ်) လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျူဟွမ်း လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အာရှ-ဥရောပ လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း ပူးတွဲတတိယရရှိ

ရန်ကုန် ဇွန် ၆

ပထမအကြိမ် အာရှ-ဥရောပ အသက်(၁၈)နှစ်နှင့်အောက် လူငယ် အားကစားပွဲတော် ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမအကြို ဗိုလ်လုပွဲအဖြစ် ထိုင်းလူငယ်အသင်းနှင့် မြန်မာလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းလူငယ်အသင်းက ပယ်နယ်တီဂိုးအပါအဝင် ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ပြိုင်ပွဲ၌ ပထမပိုင်း ၂၁ မိနစ်တွင် မြန်မာအသင်းမှ စိုးသီဟအောင်က စတင်တစ်ဂိုးသွင်းပြီး ပထမပိုင်းတွင် မြန်မာလူငယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ပြန်ကစားသောအခါ ထိုင်းလူငယ်အသင်း ချေပဂိုး တစ်ဂိုးသွင်းပြီး တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးသွားသည်။

အနိုင်အရှုံးကို ပယ်နယ်တီဂိုးဖြင့် ဆုံးဖြတ်ရာတွင် မြန်မာလူငယ်အသင်းက သုံးဂိုးသွင်းနိုင်ပြီး ထိုင်းလူငယ်အသင်းက ငါးဂိုးသွင်းနိုင်ကာ ထိုင်းလူငယ်အသင်းက စုစုပေါင်း ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ယင်းပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက ပူးတွဲတတိယရရှိသည်။ (သတင်းစဉ်)

အာဆီယံ မြန်မာ တည်ငြိမ်ပါက

✳ မြန်မာအာဆီယံ၊ ပုံစံဖြစ်စဉ်
သွင်ပြင်လက္ခဏာ၊ တူလှပါ၏။

✳ လွတ်လပ်ချိန်မှ၊ ကာလနှစ်တွေ
ရေတွက်လေသော်၊ လေးဆယ်ကျော်တည့်
ထိုရော်ကာလ၊ ရောက်ရှိမှလျှင်
အမြင်စိတ်ထား၊ ကြည်လင်သွား၍
ညီဘွားနောင်ရင်း၊ လည်ပင်းကိုဖက်
တိုးတက်ရှေ့ရေး၊ မျှော်ခေါ်တွေးပြီး
ဆွေးနွေးနိုင်တာ၊ မြန်မာပြည်မှာ။

✳ ဖွဲ့စည်းစချိန်၊ တည်ငြိမ်မဲ့ကင်း
ဒေသတွင်း၏၊ လက်ငင်းခြေနေ
ဖြစ်ရပ်တွေကြောင့်၊ အခြေစတင်
ဖွဲ့စည်းစဉ်က၊ ဖွဲ့ဝင်အင်အား
နိုင်ငံငါးသာ၊ ရှိခဲ့ရာက
ကာလကုန်ဆုံး၊ နှစ်သုံးဆယ်ကျော်
ရောက်ပြီးသော်မှ၊ ဒေသအတွင်း
ရှိရင်းနိုင်ငံ၊ ဆယ်နိုင်ငံလုံး
ပြုံးပြုံးရွှင်ရွှင်၊ အဖွဲ့ဝင်ပြီး
တွမ်တီးတွမ်တီး(2020)၊ ခရီးကာလ
ရောက်ချိန်ကျလျှင်၊ ဒေသအလုံး
ပျော်ရွှင်ပြုံးလျက်၊ နှလုံးအေးချမ်း
ဘဝလမ်းကို၊ ရည်မှန်းနိုင်တာ
အာဆီယံမှာ။

✳ အာဆီယံမြန်မာ၊ ဆိုင်ရာရည်မှန်း
ဘဝလမ်းတွင်၊ လျှောက်လှမ်းစဉ်၌
ဘေးဝင်မပါ
တည်ငြိမ်စွာသာ၊ လျှောက်နိုင်ပါက
မြန်မာအာဆီယံ၊ ပြန်လှန်ထောက်ကူ
တူရူရည်မှန်း၊ အောင်မြင်ပန်းကို
ဆွတ်လှမ်းပြိုင်တူ ရှိလိမ့်တည်း။ ။

မေခ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၆-၆-၂၀၀၅)

ထားဝယ်	–	၃ ဒသမ	၉၄	လက်မ
မော်လမြိုင်	–	၃ ဒသမ	၀၃	လက်မ
ကိုကိုးကျွန်း	–	၁ ဒသမ	၉၇	လက်မ
မော်ဘီ	–	၁ ဒသမ	၂၂	လက်မ
ဘားအံ	–	၁ ဒသမ	၁၄	လက်မ
ရွှေကျင်	–	၁ ဒသမ	၀၂	လက်မ

လှိုင်မြို့နယ် (၁၀)ရပ်ကွက် ခပေါင်းလမ်းသွယ် အမှတ်(၅၂၁)နေ မိဘနှစ်ပါးနှင့် သံအမတ်ကြီးဦးအုန်းခင်တို့အားရည်စူး၍ ဦးသန်းထွန်းအောင်၏ (၆၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မိသားစုများက ငွေပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းလေးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်တင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ နှိုးဆော်

ရန်ကုန် ဇွန် ၆

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားရေး ဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက် (၄)ရပ် ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေ ကန့်သတ်ချက်မှာ ပြိုင်ပွဲဝင် ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်း ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **“ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ”** ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ ပြိုင်ပွဲ ဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူ များအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းရင်းဆေးဝါးများကို ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ် တရုတ်နိုင်ငံတွင် တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံများ တည်ထောင်

ကွီရန့် ဇွန် ၅

တရုတ်နိုင်ငံသည် သိပ္ပံနှင့်နည်းပညာ အတတ်ပညာရပ်များအား အသုံးပြုကာ ရိုးရာတိုင်းရင်းဆေးဝါးများကို ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေမှုများမှာ တိုးတက်အောင်မြင်မှုများရရှိနေကြောင်း မကြာမီက ကျင်းပသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်တွင် ကိုယ်စားလှယ်များက ပြောကြားသည်။

တရုတ်နိုင်ငံရှိ ပြည်နယ်များ၊ မြို့ပြများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ခေတ်မီစက်ရုံပေါင်း ၄၄၈ ရုံကို တည်ထောင်ထားပြီး ဖြစ်ကြောင်း၊ အဆိုပါ စက်ရုံများနှင့်အတူ မြေနေရာ ဟက်တာ ၉၃၃၃၃၃ တွင် ဆေးဘက်ဝင် သစ်ဥသစ်ဖုနှင့် ဆေးပင်များကို ထူထောင် စိုက်ပျိုးလျက်ရှိကြောင်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွီကျို့ပြည်နယ်၏ မြို့တော် ကွီရန့်တွင် ကျင်းပသော တိုင်းရင်းဆေးဝါး ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ကိုယ်စားလှယ်များက ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် ယခုအချိန်အထိ နိုင်ငံပိုင် ခေတ်မီတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ဗဟိုဌာန ၁၄ ခုကို ထူထောင်ဖွင့်လှစ်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ ၎င်းအပြင် ဆေးဘက်ဝင် အပင်များစိုက်ပျိုးရန် အခြေစိုက်စခန်းရှစ်ခု ဖွင့်လှစ်ရန်လည်း ခွင့်ပြုပေးခဲ့သည်။

ထူထောင်

တိုင်းရင်းဆေးဝါးများကို ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်သည့် လုပ်ငန်းအဖွဲ့အစည်းများသည် သိပ္ပံသုတေသနဌာနများနှင့် တက္ကသိုလ်များမှ ပညာရှင်များနှင့် ပေါင်းစပ်ကာ နည်းပညာ သမဂ္ဂများ ထူထောင်ထားရှိခြင်းဖြင့် နည်းပညာရပ်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်သည်။

ခွင့်ပြု

၂၀၀၄ ခုနှစ်တွင် ရိုးရာတိုင်းရင်းဆေးဝါး မူပိုင်ခွင့်ရရှိရန် လျှောက်လွှာ ၄၅၂၀ ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်အတွင်း နိုင်ငံတော် စားနပ်ရိက္ခာနှင့် ဆေးဝါး အုပ်ချုပ်ရေးအဖွဲ့က ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်သော တိုင်းရင်းဆေးဝါး ၂၀၃ မျိုးအတွက် ရောင်းချရန် ခွင့်ပြုချက်များ ချပေးခဲ့ကြောင်း ကုန်ပစ္စည်း မူပိုင်ခွင့်မှတ်ပုံတင်ရုံးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ကျီလင်ပြည်နယ် ချန်ချွန်မြို့ရှိ တိရစ္ဆာန်နှင့် ရက္ခဗေဒ ဥယျာဉ်တွင် ထားရှိရန်အတွက် ဖိုရိုအမည်ရှိ ကျားဖြူတစ်ကောင်အား ဥယျာဉ်ဝန်ထမ်းများက သယ်ဆောင်လာကြသည်ကို ဇွန် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှ-ပစိဖိတ် လုံခြုံရေး ဆွေးနွေးပွဲ ကျင်းပ

စင်ကာပူ ဇွန် ၅

အာရှ-ပစိဖိတ် အနားသတ်နိုင်ငံများ၏ ဒေသဆိုင်ရာ လုံခြုံရေးတွင် အိန္ဒိယနိုင်ငံ၏ အခန်းကဏ္ဍ ပါဝင်ရေး အကြောင်းရပ်မှာ စင်ကာပူနိုင်ငံတွင် သောကြာနေ့က ဖွင့်လှစ်လိုက်သော ရှန်ဂရီလာ ဆွေးနွေးရေးအုပ်စု၏ အဓိက ဆွေးနွေးစရာအကြောင်းရပ်များတွင် ပါဝင်ကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

နှစ်စဉ်ကျင်းပသည့် လုံခြုံရေး ညီလာခံဖြစ်သည့် ရှန်ဂရီလာဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် စစ်ဘက်ဆိုင်ရာ အရာရှိ ၂၀၀ ခန့် တက်ရောက်ကြသည်။

သုံးရက်တိုင်တိုင် ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲတွင် အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးအခြေအနေများနှင့် ဒေသဆိုင်ရာလုံခြုံရေး တိုးတက်မှုတို့နှင့်ပတ်သက်၍ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် နိုင်ငံတကာ မဟာဗျူဟာလေ့လာရေး သိပ္ပံက ကမကထပြုကျင်းပသော လုံခြုံရေး ညီလာခံတွင် ဒေသဆိုင်ရာ ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆွေးနွေးကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ရေကောင်းရေသန့်နှင့် သန့်ရှင်းသည့် ဝန်းကျင်အနေအထား ကမ္ဘာ့ပြည်သူများ ရရှိခံစားနိုင်ရေး ကုလသမဂ္ဂကြိုးပမ်း

ဂျီနီဗာ ဇွန် ၅

ရေကောင်းရေသန့်နှင့် သန့်ရှင်းမှုရှိသည့် ဝန်းကျင်အနေအထားကိုမရရှိဘဲ နေထိုင်ကြရသော ကမ္ဘာ့ပြည်သူများ၏ အရေအတွက်ကို ထက်ဝက်လျှော့ချနိုင်စေရေးအတွက် ၂၀၁၅ ခုနှစ်အထိ နှစ်စဉ် လူပေါင်း ၁၃၈သန်းကို အခြေခံ ကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)တို့က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂက ချမှတ်ခဲ့သော ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပေါက်မြောက်စေရန် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၁ဒသမ၃ ဘီလီယံ ကျခံသုံးစွဲကာ လုပ်ကိုင်ရန် လိုအပ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၁ ဒသမ ၆ သန်းရှိ

ကမ္ဘာပေါ်ရှိ ဆင်းရဲနွမ်းပါးသော နိုင်ငံများတွင် နှစ်စဉ် အသက် (၅)နှစ်အောက် ကလေး ၁ ဒသမ ၈ သန်းမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် သေဆုံးရကြောင်း၊ တစ်နည်းအားဖြင့် နေ့စဉ်ကလေး ၅၀၀၀ ကျော်မှာ ယင်းရောဂါဖြင့် သေဆုံးရကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် သေဆုံးရသူဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါးမှာ ရေကောင်းရေသန့် မရရှိခြင်းနှင့် သန့်ရှင်းမှုမရှိသောနေရာများတွင် နေထိုင်ရခြင်းတို့ကြောင့် ရောဂါဖြစ်ပွားကာ သေဆုံးရသည့် ကလေးများဖြစ်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် သေဆုံးရသူဦးရေ စုစုပေါင်းမှာ ၁ဒသမ၆ သန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

သေဆုံးရ

အာဖရိကတိုက် ဆာဟာရဒေသခွဲတွင် မွေးကင်းစ ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် သေဆုံးရမှုမှာ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ မွေးကင်းစကလေးများ ယင်းရောဂါဖြင့် သေဆုံးရမှုထက် အဆပေါင်း ၅၀၀ ပိုမိုမြင့်မားကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါသည် အာဟာရချို့တဲ့မှုနှင့် ယှဉ်တွဲနေကြောင်း၊ အာဟာရချို့တဲ့မှုကြောင့် နှစ်စဉ်ကလေး ခြောက်သန်းအထိ သေဆုံးရကြောင်း၊ ယင်းမှာ ကမ္ဘာတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးဖြင့် သေဆုံးရသည့် ကလေးအရေအတွက်၏ ထက်ဝက်ကျော်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ် ဆန်တင်ပို့မှု ကန့်သတ်မည် ယခုနှစ်တွင် တန်ချိန် သုံးသန်းကျော်သာ ခွင့်ပြု

ဟနွိုင်း ဇွန် ၅

ဗီယက်နမ်အစိုးရသည် ယမန်နှစ်က ဆန်တန်ချိန် ၄သန်းကျော် တင်ပို့ခဲ့ရာမှ ယခုနှစ်တွင် ပြည်တွင်း၌ စားနပ်ရိက္ခာဖူလုံရန်အတွက် အများဆုံးဆန်တန်ချိန် ၃ ဒသမ ၈ သန်းသာ ကန့်သတ်တင်ပို့ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အစိုးရသည် ဆန်တင်ပို့သူများကို ဈေးငွေများခွင့်ပြုရာတွင် အတိုးနှုန်းသက်သာသော ချေးငွေများ ပေးမည်မဟုတ်ကြောင်း၊ အဆိုပါချေးငွေများဖြင့် ဆန်များကို ဝယ်ယူမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ လူငယ်သတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။

ကမ္ဘာတွင် ထိုင်းနိုင်ငံပြီးနောက် ဗီယက်နမ်နိုင်ငံသည် ဆန်တင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ အဆိုပါနိုင်ငံသည် ပြည်ပသို့ သင်္ဘောဖြင့် ဆန်တန်ချိန် ၂ ဒသမ ၃ သန်းပေးပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၄၇ သန်းကို ယခုနှစ် ပထမငါးလပတ်တွင် ရရှိခဲ့သည်။ ဆန်တင်ပို့မှုတွင် ၂၀၀၃ ခုနှစ်က ၁၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၀၄ ခုနှစ်က ၄၀ ဒသမ ၁ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ခဲ့သည်ဟု ဆိုသည်။ ယမန်နှစ်က တန်ဖိုးအားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၄၁ သန်းရှိ ဆန်တန်ချိန် ၄ သန်းကျော်ကို အာရှ-ပစိဖိတ်ဒေသ၊ အမေရိကနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ အဓိကထား တင်ပို့ရောင်းချခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါနိုင်ငံ ဟိမဝန္တာ တောင်တန်းဒေသတွင် နိုင်ငံခြားသား တောင်တက်သမားများကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပညာရေးနှင့် သုတေသနလုပ်ငန်း အိန္ဒိယနှင့် ထိုင်း ပူးပေါင်းဆောင်ရွက်မည်

နယူးဒေလီ ဇွန် ၅

အိန္ဒိယသို့ အလည်အပတ်ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ တွေ့ဆုံဆွေးနွေးကြပြီးနောက် နှစ်နိုင်ငံတို့သည် ပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

အဆိုပါစာချုပ်ကို ဇွန် ၃ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူ လက်မှတ်ရေးထိုးကြသူ နှစ်ဦးမှာ အိန္ဒိယနိုင်ငံ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဝန်ကြီး အာဂျန်ဆင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကန်တာကီ စူဖာမောင်ကွန်တို့ ဖြစ်ကြသည်။ ထိုသဘောတူညီမှုစာချွန်လွှာကို ဝန်ကြီးချုပ်နှစ်ဦး၏ ရှေ့မှောက်တွင် ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။ သဘောတူညီမှုစာချွန်လွှာတွင် အဖွဲ့အစည်းများ ပူးပေါင်း၍ သုတေသနပြုလုပ်ခြင်း၊ ပုံနှိပ်ရေးလုပ်ငန်းပြုလုပ်ခြင်း၊ သုတေသနဆိုင်ရာများ ဖလှယ်ခြင်း၊ သင်ကြားရေးနှင့် အဆင့်မြင့် ပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရေးနှင့် မျက်မှောက်ကာလ သုတေသန လေ့လာမှုဆိုင်ရာများတွင် ပူးတွဲအဖွဲ့ ဖွဲ့စည်းခြင်း စသည့် ကိစ္စရပ်များ ပါဝင်ကြောင်း သိရသည်။

ယင်းသဘောတူညီမှုအရ ဖွဲ့စည်းသော ပူးတွဲလုပ်ငန်းအဖွဲ့ (ဂျေဒဗလျူဂျီ) သည် အနည်းဆုံး နှစ်နှစ်လျှင် တစ်ကြိမ်တွေ့ဆုံစည်းဝေးပြီး စာချုပ်ပါ အချက်အလက်များ အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ပီတီအိုင်။

ပြည်ပမှရေနံ နိုင်ဂျီးရီးယားတင်သွင်း

လေဂို့စ် ဇွန် ၅

ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့ (အိုပက်)အဖွဲ့ဝင် နိုင်ဂျီးရီးယားနိုင်ငံသည် လောလောဆယ်တွင် တစ်ရက်လျှင် ရေနံ လီတာ ၁၄ သန်း ချက်လုပ်လျက်ရှိပြီး နေ့စဉ်သုံးစွဲမှု ပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းနေရကြောင်း နိုင်ငံပိုင် ရေနံကော်ပိုရေးရှင်းက ကြာသပတေးနေ့တွင် ပြောကြားသည်။

နိုင်ငံရှိ ရေနံချက်စက်ရုံလေးရုံ၏ ထုတ်လုပ်နိုင်သည့် စွမ်းအားသည် နေ့စဉ်သုံးစွဲမှု လိုအပ်ချက်ဖြစ်သော လီတာ သန်း ၃၀၏ ၅၀ ရာခိုင်နှုန်းမျှသာရှိကြောင်း နိုင်ဂျီးရီးယားအမျိုးသား ရေနံကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဖွန်ရှိကူပိုလိုကွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ဇွန် ၅ရက် နံနက် ၇နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ အရန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အကြိုညီလာခံ ပထမပိုင်းကိုကျင်းပရာ အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) အခမ်းအနားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် အမှာစကားပြောကြားစဉ်။ (ထပဆ)

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့သို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)နှင့် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ပေါ်ရှိ လုပ်ငန်းရှင်များနှင့် အလှူရှင်များ၏ လှူဒါန်းငွေ ကျပ်သိန်း ၇၀ ကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)၊ အဖွဲ့ဝင် ဗိုလ်မှူးအောင်ဝင်းဦး(ငြိမ်း)တို့က လက်ခံရယူကြပြီး အခမ်းအနား ပထမပိုင်းကို ခေတ္တရပ်နားသည်။

အမှာစကားပြောကြား

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)နှင့် တာချီလိတ်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးမြင့်လွင်(ငြိမ်း)တို့က ဖတ်ကြားတင်သွင်းကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး (၅)ရပ်နှင့် ပတ်သက်၍ ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဗိုလ်ကြီးချစ်ဝေ(ငြိမ်း)က အမျိုးသားနိုင်ငံရေးကဏ္ဍကိုလည်းကောင်း၊ ကျိုင်းတုံခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးလှကာ(ငြိမ်း)က နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးခင်ကျော်(ငြိမ်း)က စီးပွားရေး ကဏ္ဍကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ အဖွဲ့ဝင် ဗိုလ်ကြီးမြင့်နိုင်(ငြိမ်း)က လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်း ကဏ္ဍကို လည်းကောင်း၊ ကျိုင်းတုံခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးအုန်းမြင့်(ငြိမ်း)က ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဆုံးဖြတ်ချက်(၂)ရပ်၊ အတည်ပြုချက် (၁)ရပ်၊ မှတ်တမ်းတင်ခြင်း (၄)ရပ်တို့ကို သဘာပတိက အစည်းအဝေးတက်ရောက်လာသူများ၏ သဘောတူညီချက်ကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)က နိဂုံးချုပ် အမှာစကားပြောကြားကာ နံနက် ၁၀နာရီခွဲ တွင် အကြိုညီလာခံကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သဲဖြူတောရတရားစခန်း

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာတွင် ဇွန် ၁၀ရက်မှ ၂၀ရက်အထိ တရားစခန်း ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသည့် ယောဂီနှင့် သံဃာတော်များ ဖုန်း-၆၆၂၈၃၆၊ ၆၆၇၇၁၆၊ ၇၂၂၃၈၉၊ ၆၆၇၂၅၆တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဇွန် ၁၀ရက် မွန်းလွဲ ၁နာရီခွဲအရောက် လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၀၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ သုံးသပ်ခြင်းနှင့် လျာထားချက်များ ပြည့်မီကျော်လွန်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။ (သတ္တုတွင်း)

လျာထားချက် ပြည့်မီကျော်လွန်အောင် နည်းလမ်းရှာထုတ်လုပ် သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၆

သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ သုံးသပ်ခြင်းနှင့် လျာထားချက်များ ပြည့်မီကျော်လွန်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၈နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းညှိနှိုင်းဆွေးနွေးပွဲသို့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်မည့် အစီအစဉ်များကို ကွန်ပျူတာ၊ Power Point များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လုပ်ငန်းဌာနများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဌာန တစ်ခုချင်းအလိုက် လျာထားချက်များ၏ ထုတ်လုပ်မှုအပေါ် လိုအပ်ချက်များနှင့် လျာထားချက်များ ပြည့်မီကျော်လွန်ရေးတို့နှင့် ပတ်သက်၍ မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများသည် ဌာနအလိုက် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် မဖြစ်မနေ နည်းလမ်းရှာ ထုတ်လုပ်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ ဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်သွားကြရန်၊ စက်သုံးဆီများ ခြိုးခြံချွေတာသုံးစွဲကြရန်၊ မိမိတို့ဌာနများရှိ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်ရေးကို အစဉ်ဂရုစိုက်ကြိုးစား ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် လက်ရှိ စိုက်ပျိုးမွေးမြူထားမှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားကြရန် အသေးစိတ်မှာကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ယူးရီးယားဓာတ်မြေသြဇာထုတ်လုပ်မှုကဏ္ဍ
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	ကာယဗလလေ့ကျင့်ရေးနည်းစနစ်
၈း၀၀	တေးဂီတအစီအစဉ်
၈း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	UEFA Stories Best Player (2)
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၉း၀၀	မြန်မာစာမြန်မာစကား
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	Sunday Talk
၁၀း၂၀	လောကရဲ့အလှရတနာ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ဗွီစီဒီလှိုင်းခတ်သံ (မြတ်နိုးခြင်းမိုးတိမ်)
၁၀း၅၅	ပိုက်ဆက်အတတ်ပညာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးအသင်း၏ သတ္တမအကြိမ်ညီလာခံကို ဂုဏ်ပြုပါသည်

တင်လှိုင်(ကျန်းမာ)

ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အမြတ်ဆုံး လာဘ်တစ်ပါးဖြစ်သည်။ မရှိမဖြစ် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည်။ ထို့အတွက် လူတိုင်းလူတိုင်းကျန်းမာစေမှု နေ့စဉ်ပြုနေကြရသည်။ စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေးများမှသည် ကာလ၊ ဒေသ၊ ပယောဂတို့နှင့်အညီ ပြုမှုနေထိုင်၍ ရှောင်ကြဉ်စရာများကို ရှောင်ကြဉ်ကြခြင်းသည် ကျန်းမာစေမှု ပြုနေခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်နှင့်လည်း သက်ဆိုင်သည်။ မိသားစုနှင့်လည်းသက်ဆိုင်သည်။ နိုင်ငံတစ်နိုင်ငံမှသည် တစ်ကမ္ဘာလုံးတိုင် သက်ဆိုင်သည်။ ယင်းသို့ လူသားအားလုံး၏ အရေးဖြစ်သည့်အတွက် လူမျိုးတိုင်း၊ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ လူမှု၊ စီးပွားအနေအထားအရ ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်ပေးနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို တစ်ပြည်လုံးအတိုင်းအတာ ကျေးလက်ဒေသပါမကျန် စနစ်တကျ စတင်ဆောင်ရွက်ခဲ့သည်မှာ ၁၉၅၄ ခုနှစ်ကဖြစ်သည်။ ၁၉၅၄ ခုနှစ်မတိုင်မီကဆိုလျှင် ပီပြင်မှုမရှိ၊ မြို့ပြများပင်လျှင် ကျန်းမာရေးစောင့်ရှောက်မှု မပီပြင်၊ ကျေးလက်ဒေသတွင် မရှိသလောက်ပင် ခေါင်းပါးလှသည့်အတွက် ပြည်သူလူထုသည် ကျန်းမာရေးအသိပညာနိမ့်ကျခဲ့ကြသည်။ ကျန်းမာရေးခံယူကျင့်သုံးမှုမှားယွင်းကြသည့်အတွက် ကူးစက်ရောဂါဘေးဆိုးကြီးများဖြစ်ကြသည့် ကျောက်ကြီး၊ ပလိပ်၊ ကာလဝမ်းရောဂါ စသည့်ကူးစက်ရောဂါကြီးများ ထူပြောသည်။ ကူးစက်မြန် ရောဂါဆိုးကြီးများကြောင့် သေဆုံးမှုနှုန်းမြင့်မားသည်။ ကိုယ်ဝန်ပျက်နှုန်း၊ မီးတွင်း မိခင်သေနှုန်း၊ (၁)နှစ်အောက်ကလေး၊ (၅)နှစ်အောက်ကလေး သေနှုန်းမြင့်တက်သည်။ ချုပ်၍ဆိုရလျှင် ပြည်သူ့ကျန်းမာရေး အကျိုးသက်ရောက်မှု နိမ့်ကျလွန်းပါသည်။

ကျေးလက်လူထုကျန်းမာမှသာ ကုန်ထုတ်စွမ်းရည် မြင့်မားမည်ဖြစ်သည်။ ထို့အတွက် ကျေးလက်ပြည်သူတို့ ကျန်းမာရေး အသိပညာ ဖွံ့ဖြိုးတိုးတက်လာကြပြီး ကျန်းမာရေးအသိနှင့် ကျင့်သုံးနေထိုင်တတ်ရေး၊ ရာသီအလိုက်ဖြစ်ပွားတတ်သည့်၊ ဒေသအလိုက် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ၊ သမားရိုးကျရောဂါများ ကြိုတင်ကာကွယ်ရေး၊ ကာကွယ်ဆေးနှင့်ကာကွယ်ရသည့် ရောဂါများကို ကာကွယ်ဆေးထိုးနှံကာကွယ် တားဆီးရေး၊ မိခင်ကလေး ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်လာစေပြီး ပတ်ဝန်းကျင်မှ ရောဂါပြန့်ပွားမှုကျဆင်းစေရေး၊ လတ်တလော ဖြစ်ပွားသည့် နာမကျန်းမှုများ ကုသပေးရေး စသည်တို့ ဆောင်ရွက်ပေးရပေမည်။ ယင်းအတွက် ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်တိုက်ဖျက်ခြင်း၊ ကုသခြင်း စသည်တို့ပါဝင်သည့် ကျေးလက်ကျန်းမာရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုရန် စေတနာစွမ်းအားပြည့် ကျွမ်းကျင်ပညာရှင်များအဖြစ် နိုင်ငံတော်က ၁၉၅၀-၅၂ ခုနှစ်တွင် လက်ထောက်ကျန်းမာရေးမှူးများ စတင်မွေးဖွားပေးလိုက်ပြီး "ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုခေတ်ဦး"ကို စတင်လိုက်ပါတော့သည်။

ကျေးလက်ကျန်းမာရေးလုပ်ငန်းသည် နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် လုပ်ငန်းများဖြစ်သည်။ ကျေးလက်ကျန်းမာရေးလုပ်ငန်း(၇)ရပ်မှာ-

(၁) ကျန်းမာရေးပညာပေးလုပ်ငန်း
(၂) ကူးစက်ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်း
(၃) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း
(၄) မိခင်ကလေးကျောင်းကျန်းမာရေးလုပ်ငန်း
(၅) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း
(၆) ဖွားသေစာရင်းအင်းလုပ်ငန်း
(၇) ဆေးကုသရေးလုပ်ငန်းတို့ဖြစ်သည်။

ဖော်ပြပါလုပ်ငန်း(၇)ရပ်ကို လက်ထောက်ကျန်းမာရေးမှူးများက ဦးဆောင်ပြီး ကျန်းမာရေး ဆရာမ၊ သားဖွားဆရာမ၊ ကျောက်ထိုးဆရာ၊ ကျန်းမာရေး ကြီးကြပ်ရေးမှူးတို့အားနှင့် ပေါင်းစပ် ဆောင်ရွက်ခဲ့ရာ ကျောက်ကြီးရောဂါကို မြန်မာ့မြေမှ လုံးဝကင်းစင်အောင် တိုက်ထုတ်နိုင်ခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်ကလေး သေနှုန်းများ ကျလာသည်။ တခြားကူးစက်ရောဂါများ လျော့ပါးလာသည်။ ထင်ရှားသည့် ညွှန်းကိန်းမှာ သေနှုန်းကျ၍ လူဦးရေတိုးတက်နှုန်း မြင့်လာခြင်းဖြစ်သည်။

ကျန်းမာရေး နည်းစနစ်များသည် အစဉ်တိုးတက်နေသည်။ တိုးတက်မှုနှင့်အတူ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကို တောရော မြို့ပါမကျန် "ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း"ဖြင့် ကျန်းမာရေး လွှမ်းခြုံနိုင်ရန်အတွက် ၁၉၇၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ပထမ၊ ဒုတိယနှင့် တတိယ ပြည်သူ့ကျန်းမာရေး စီမံကိန်းများကို လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမျိုးသား ကျန်းမာရေး စီမံကိန်းများကိုလည်းကောင်း နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ထောက်ကျန်းမာရေးမှူးများသည် အားစိုက်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည်။

လက်ထောက်ကျန်းမာရေးမှူးများ၏ စေတနာ၊ အနစ်နာခံ ကြိုးစားမှုကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် အောက်ပါတို့ကို ချီးမြှင့်ခဲ့သည်-

(၁) မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း ဖွဲ့စည်းတည်ထောင်ခွင့်ပေးခြင်း၊
(၂) အခြေခံကျန်းမာရေးတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ပေးခြင်း၊
(၃) လက်ထောက်ကျန်းမာရေးမှူးများကို ရာထူးအဆင့်ဆင့် တိုးမြှင့်ပေးခြင်း။

သားရွှေအိုး ထမ်းလာသည်ကို မြင်နေကြရပါပြီ။ နိုင်ငံတော်၏ကျေးဇူးကြီးမားလှပါသည်။ နိုင်ငံတော်၏ ကျေးဇူးကို စွမ်းနိုင်သလောက်ဆပ်ကြရန် နှစ်နှစ်တစ်ကြိမ် ညီလာခံကျင်းပ စည်းဝေးညှိနှိုင်းကြပါသည်။ ယခု ၂၀၀၅ ခုနှစ် ဇွန်လ ၆ ရက်မှ ၈ ရက်နေ့အထိ ရန်ကုန်မြို့တွင် သတ္တမအကြိမ် လက်ထောက်ကျန်းမာရေးမှူးအသင်း ညီလာခံကို ကျင်းပလျက်ရှိသည်။ အသင်းကြီး၏ ရည်ရွယ်ချက်(၄)ရပ် ရှင်သန်အောင်မြင်ရေးနှင့်အတူ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖြစ်သည့်-

(၁) ကျန်းမာရေးစောင့်ရှောက်လွှမ်းခြုံမှု တိုးတက်မြင့်မားစေရေး၊
(၂) အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ ကျန်းမာရေး လုပ်သားများ၏ စွမ်းရည်မြင့်မား တိုးတက်စေရေး၊
(၃) ကျန်းမာရေးပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊
(၄) ပတ်ဝန်းကျင် ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊
(၅) ကိုယ်တိုင်ကိုယ်ကျ အိမ်တွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်စေရေး၊
(၆) အမျိုးသမီး၊ ကလေးကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊
(၇) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊
(၈) အခြေခံဆေးဝါးများ လုံလောက်စွာရရှိရေး ဆောင်ရွက်ရေး၊
(၉) ဒေသတွင်း ဖြစ်ပွားမှုများသည့်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊
(၁၀) ကျန်းမာရေးကော်မတီများ၏ ဦးဆောင်မှုနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ပြည်သူလူထု ပူးပေါင်းပါဝင်မှု မြင့်မားလာစေရန် ဆောင်ရွက်ရေး

ဟူသည့် တာဝန်များကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှု၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း၏ ကြီးကြပ်မှုတို့ဖြင့် လက်ထောက်ကျန်းမာရေးမှူးများက စေတနာ၊ စိတ်ဓာတ်၊ စွမ်းရည်တို့ဖြင့် အားတက်သရော ထမ်းဆောင်နေကြပါသည်။ ထို့ပြင် နိုင်ငံတော်၏ မြို့ပြကျေးလက်တို့တွင် ဘုံရန်သူများဖြစ်ကြသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ် ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း မြန်မာနိုင်ငံ လက်ထောက် ကျန်းမာရေးမှူး အသင်းဝင်များသည် ယူအင်ဒီပီ၊ ယူနီဆက်(ဖ်)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် ပေါင်းစပ်၍ နိုင်ငံတစ်ဝန်းတွင် တိုက်ဖျက်နေကြပါသည်။

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်းသည် နိုင်ငံတော်၏ တရားဝင်ခွင့်ပြုချက်ဖြင့်ဖွဲ့စည်းထားသည့် လူမှုရေးအသင်းဖြစ်ပါသည်။ အသင်း ဝင်များဖြစ်ကြသည့် အစိုးရဝန်ထမ်းများ၊ အငြိမ်းစားများသည် ပြည်သူ့ အကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး ထမ်းဆောင်ကြပြီး နိုင်ငံတော်ကို ကျေးဇူးဆပ်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းရင်း မြန်မာနိုင်ငံ လက်ထောက် ကျန်းမာရေးမှူးအသင်း၏ သတ္တမအကြိမ်ညီလာခံကို ဂုဏ်ပြုလိုက်ရပါသည်။ ။

ကျန်းမာရေး နည်းစနစ်များသည် အစဉ်တိုးတက်နေသည်။ တိုးတက်မှုနှင့်အတူ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကို တောရော မြို့ပါမကျန် "ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း"ဖြင့် ကျန်းမာရေး လွှမ်းခြုံနိုင်ရန်အတွက် ၁၉၇၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ပထမ၊ ဒုတိယနှင့် တတိယ ပြည်သူ့ကျန်းမာရေး စီမံကိန်းများကို လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမျိုးသား ကျန်းမာရေး စီမံကိန်းများကိုလည်းကောင်း နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ထောက်ကျန်းမာရေးမှူးများသည် အားစိုက်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည်။

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေး(မြောက်)ရပ်ကွက် ကျန်စစ်သားလမ်း အမှတ်(၅၃၃-က)နေ ဦးအောင်တင်-ဒေါ်သန်းသန်းမြင့်၊ သား-ဇင်ထွန်း၊ သမီး-သဲဖြူဖြူအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံစဉ်။ (က-ပ)

ပန်းတောင်းမြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇွန် ၆

ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းရှိ အမ္ဗာရာမကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသက် (၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များနှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်မိဘများ၏ သားသမီးများစာရင်းကို ဦးသောင်းဆွေ ဖုန်း-၅၅၆၄၆၁၊ ဒေါ်ခင်မာဆွေ ဖုန်း-၅၁၄၇၃၇ တို့ထံ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ အသင်းသူ၊ အသင်းသားများ အားလုံးနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ မြို့နယ်သား အားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် စည်ပင်သာယာရေးကြီးကြပ်မှုအဖွဲ့တို့ မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ထားရှိမှုကို ဇွန် ၂ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံတွင် မြို့ပြများကို ပြောင်းရွှေ့နေထိုင်မှု တိုးပွားလာ အိမ်ရာစီမံကိန်းအသစ်များ ဖော်ထုတ်ပြီး ပြန်လည်နေရာချထားပေးရ

▲ ကျောဖုံးမှ

မြန်မာနိုင်ငံသည်လည်း ခြွင်းချက်အဖြစ် ကျန်ရှိနေခဲ့ခြင်းမရှိဘဲ ၁၉၉၃ခုနှစ်မှစတင်၍ နှစ်စဉ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားကို သင့်လျော်သော အစီအစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြကြောင်း။

ယခု မျက်မှောက်ခေတ်တွင် သဲကန္တာရဖြစ်ထွန်းမှု၊ သစ်တောပြုန်းတီးမှု၊ ရေထု၊ မြေထုညစ်ညမ်းမှု၊ အက်စစ်မိုးရွာသွန်းမှုနှင့် အခြားမြောက်မြားစွာသော အနှောင့်အယှက်ပြုနေသည့် ပြဿနာပေါင်းများစွာ ပေါ်ပေါက်ခဲ့ခြင်းကြောင့် မိမိတို့ကို ထိခိုက်လွယ်သည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကို ထပ်ခါထပ်ခါ ဂရုပြုစေခဲ့ကြောင်း၊ ယင်းတို့ကို အလေးပေးပြောကြားနေရခြင်းမှာ မိမိတို့သည် မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို မူရင်းအတိုင်း ပြန်မဖြစ်နိုင်တော့အောင် ပြောင်းလဲ ဖျက်ဆီးနေသည်ကို တုန်လှုပ်ဖွယ်သိရှိခဲ့ရကြောင်း၊ လူသားများသည် လက်ရှိ ၎င်းတို့၏ တစ်ခုတည်းသော နားခိုရာဖြစ်သည့် သဘာဝလောက သို့မဟုတ် ကမ္ဘာ့မြေကို ပျက်သုဉ်းစေပြီး ၎င်းတို့၏ သယံဇာတများ၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များကို လျော့ပါးပျက်စီးနေစေသည်ဆိုသော မငြင်းနိုင်သည့် အချက်များကို တွေ့ကြုံနေရကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် အပြည်ပြည်ဆိုင်ရာအဆင့်နှင့် နိုင်ငံအဆင့် နှစ်မျိုးလုံးတွင် အားထုတ်ကြိုးပမ်းနေကြကြောင်း၊ ပြီးခဲ့သော ဆယ်စုနှစ်သုံးစုတွင် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူစာချုပ် အတော်များများကို အတည်ပြုပြဋ္ဌာန်း အကောင်အထည်ဖော်ခဲ့ကြကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖိအားပေးနိုင်

လူဦးရေတိုးပွားလာမှုနှင့် မြို့ပြအခြေအနေများ ပြန့်ပွားဖြန့်ကြက်လာမှုသည် သဘာဝပတ်ဝန်းကျင်အပေါ် ဖိအားပေးနိုင်ကြောင်းကို နိုင်ငံအားလုံးသိရှိကြကြောင်း၊ ဂေဟစနစ်အတွင်း နေထိုင်ကြသည့် လူများနှင့် ဂေဟစနစ်နှင့်ပတ်သက်သည့် အယူအဆသည် ပတ်ဝန်းကျင်၏ အစိတ်အပိုင်းအားလုံးတွင် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေမှုကို နားလည်သဘောပေါက်စေရန် အထောက်အကူပြုနေသည်ကို သတိရှိရန် အရေးကြီးကြောင်း၊ ဂေဟစနစ်၏ တစ်နေရာက ပြောင်းလဲမှုများသည် အခြားတစ်နေရာတွင် ပြောင်းလဲမှုများ ဖြစ်ပွားစေနိုင်ကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ **"စိမ်းလန်းသာယာမြို့များစွာ ကမ္ဘာအတွက်စီမံချက်"**ဖြစ်ပြီး တိုးတက်များပြားလာသော လူဦးရေနှင့် မြို့ကြီးများအပေါ် သက်ရောက်မှုကို အလေးပေးထားကြောင်း၊ လူဦးရေ၆ဒသမ၂ဘီလီယံကျော်နေထိုင်သည့်မိမိတို့၏ကမ္ဘာသည်နေ့စဉ်ထောင်နှင့်ချီပြီး နေထိုင်သူအသစ်များ တိုးပွားနေသည့်အတွက် ပို၍ပို၍ သေးငယ်လာသယောင်ရှိကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသည့် မြို့ကြီးများတွင် လူဦးရေတိုးပွားမှု ပိုမိုမြန်ဆန်ကြောင်း၊ စက်မှုလုပ်ငန်းအများအပြား ဆောင်ရွက်မှုသည် ယခင် စက်မှုမထွန်းကားခင်ခေတ်ကထက် အလွန်အမင်း ကြီးထွားလာသော မြို့ကြီးများတွင် မြို့ပြဖြန့်ကြက်မှုကို အစဉ်တိုးပွားစေကြောင်း၊ ၂၀၃၀ပြည့်နှစ်ကာလတွင် လူငါးယောက်လျှင် သုံးယောက်ထက်မနည်း မြို့ပြများတွင် နေထိုင်ကြလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းထားကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ပြလူဦးရေ လျင်မြန်စွာတိုးတက်လာမှုကြောင့် မြို့ပြအာဏာပိုင်များအနေဖြင့် အိုးအိမ်နေရာချထားရေး၊ ရေနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ သယ်ယူပို့ဆောင်ရေး၊ဆက်သွယ်ရေး၊ စွန့်ပစ်ပစ္စည်း စနစ်တကျ စုဆောင်းသိမ်းဆည်းရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လိုအပ်ချက်ကို ဖြည့်ဆည်းရန် အခက်တွေ့လျက်ရှိကြောင်း၊ မြို့ပြဆင်းရဲနွမ်းပါးသူများအနေဖြင့် လူနေထူထပ်သည့် ရပ်ကွက်များတွင် နေထိုင်ကြရပြီး သန့်ရှင်းသော ရေရှားပါးမှု၊ စွန့်ပစ်အမှိုက် ပုံမှန်မသိမ်းဆည်းနိုင်မှု စသည့် ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း။

စိန်ခေါ်နေ

မြို့ပြအခြေအနေများ ပြန့်ပွားဖြန့်ကြက်လာမှုသည် သက်ရောက်မှုများစွာ ဖြစ်ပေါ်စေပါကြောင်း၊ လူတို့ အခြေချနေထိုင်မှု တိုးချဲ့ခြင်းကြောင့် အပင်အမျိုးမျိုး၊ မြက်ခင်းများနှင့် မြို့ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများကို ပျောက်ကွယ်စေကြောင်း၊ ယင်းပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်နေသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင်လည်း အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လူဦးရေ တိုးတက်လျက်ရှိကြောင်း၊ မြို့ပြများကို ပြောင်းရွှေ့နေထိုင်မှုများ တိုးပွားလာခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများသည် အိမ်ရာစီမံကိန်းအသစ်များ ဖော်ထုတ်ပြီး လူဦးရေအများအပြား ကျပ်တည်းစွာနေထိုင်ရသော မြို့ပြရပ်ကွက်များ၌ ပြည်သူများကို ပြန်လည်နေရာချထားပေးရကြောင်း၊ ထို့အပြင် မြို့ပြသန့်ရှင်းစိမ်းလန်းရေးအစီအစဉ်များကို နိုင်ငံအတွင်း ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပြီး သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားများကို နိုင်ငံတစ်ဝန်း ကျင်းပခဲ့ကြောင်း။

ဥယျာဉ်မြို့တော်

ရန်ကုန်မြို့တော်ကို အရှေ့တောင်အာရှဒေသ၏ ဥယျာဉ်မြို့တော်အဖြစ် တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်ပြီး ရန်ကုန်မြို့တော်နှင့် မိုင် ၃၀ ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်နေကြောင်း၊ မြို့တော်၏ သဘာဝဝန်းကျင်နှင့် မြေရှုခင်းသွင်ပြင်ထိန်းသိမ်းရေးနှင့် တိုးတက်ကောင်းမွန်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥယျာဉ်ပန်းခြံများ၊ ကန်တော်ကြီးနှင့် အင်းလျားကန်တစ်ဝိုက် ပတ်ဝန်းကျင်သာယာလှပရေးကို ဆောင်ရွက်လျက်ရှိပြီး အပန်းဖြေအနားယူရန်နှင့် ပတ်ဝန်းကျင်ပညာပေးဇုန်နယ်မြေအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ ယင်းအခမ်းအနားအစီအစဉ်များတွင် ယခုနှစ်ဆောင်ပုဒ်နှင့် သက်ဆိုင်သော စာစီစာကုံးပြိုင်ပွဲ၊ ပြပွဲများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကို ထူးချွန်စွာ အထောက်အကူပြုခဲ့သည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းများ ထုတ်လွှင့်ခြင်းများပါဝင်ကြောင်း၊ ယင်းလုပ်ငန်းများအားလုံးသည် ပြည်သူလူထု ပတ်ဝန်းကျင် အသိပညာတိုးမြှင့်ရေးနှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ တိုးပွားလာစေရန် ရည်ရွယ်ကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ အခွင့်သင့်တုန်း စာစီစာကုံးပြိုင်ပွဲဆု ရရှိသူများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆု ရရှိသူများကို လှိုက်လှဲစွာ ဂုဏ်ပြုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အခမ်းအနားတွင် အရေးပါသော ထောက်ကူမှုများ ဆောင်ရွက်ပေးခဲ့သော

စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ❐

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လှုပ်ရှားမှုတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုလုပ်ငန်းများအစီအစဉ် ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie **၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (သတင်းစဉ်)

င် ၁၀၀ခန့်တိုတောင်း ခရီးရှည် မိုင်အရရော ားလမ်းကြောင်းသစ်ဖြစ်

အထိ ၁၀၅ မိုင်ကျော် ရှည်လျားသည့် ဤ
ွန်ခဲ့သည့် ခုနစ်နှစ်ကျော်ခန့်က တပ်မတော်သား
ပြီး ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်ချို-
ရ-တာပလန်း မိုင် ၃၀ ခန့်ကို အရှေ့မြောက်တိုင်း
ာက်ခံတပ်ရင်း၊ တပ်ဖွဲ့များကလည်းကောင်း၊
ဝတီမြစ်အထိ ၇၆ မိုင် ကျော်ခန့်ကို အရှေ့ပိုင်းတိုင်း
ည္ဆန်မှုဖြင့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်၏
ဖွဲ့များကလည်းကောင်း တာဝန်ခံဖောက်လုပ်ခဲ့ပြီး

**ုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်
နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို
ဝတီမြစ်ကူးဒုဋ္ဌဝတီတံတား (နောင်ချို) ဖွင့်ပွဲ
ားပြောကြားစဉ်။** (သတင်းစဉ်)

အားသုံးအား

ယခုကဲ့သို့ လမ်းများ၊ တံတားများကို တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ လမ်းညွှန်တာဝန်ပေးအပ်မှု၊ ပြည်သူများ၏ စောင့်ရှောက်မှု၊ တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်အကောင်အထည်ဖော်နိုင်မှုစသည့် နိုင်ငံတော်၏အား၊ ပြည်သူများ၏အား၊ တပ်မတော်သားများ၏အား၊ အားသုံးအား ပေါင်းစည်းဆောင်ရွက်နိုင်မှုကြောင့်ပင်ဖြစ်ကြောင်း။

ခေတ်မီလမ်းမကြီး

ရှမ်းပြည်နယ်တစ်ခုတည်းကိုပင် ကြည့်လျှင် ရှေးယခင်က မြေပြန့်ဒေသမှ ပြည်နယ်အတွင်းဝင်ထွက်သွားလာမည်ဆိုပါက မန္တလေး-နောင်ချို-ကျောက်မဲ-လားရှိုး လမ်းကြောင်းနှင့် မိတ္ထီလာ-သာစည်-ရွှေညောင် လမ်းကြောင်းများအတိုင်း သွားလာခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုလမ်းမကြီးများဖြစ်သည့် ဤလမ်းများသည်လည်း အပျက်အစီးများပြီး သွားရေးလာရေးနှောင့်နှေးနေသည့်အတွက် တပ်မတော်အစိုးရလက်ထက်တွင် ဤလမ်းမကြီးများကို မဖြစ်မနေ အဆင့်မြှင့်တင် ပြင်ဆင်ခဲ့သည့်အတိုင်း မန္တလေး-နောင်ချို-လားရှိုး-မူဆယ် လမ်းသည် ခေတ်မီလမ်းမကြီးအဖြစ်ပေါ်ထွက်လာခဲ့သလို မိုင် ၄၀၀ခန့် ရှည်လျားသည့် သာစည်-ကလော-ရွှေညောင်-တောင်ကြီး-လွိုင်လင်-နမ့်စန်-

မိမိတို့တပ်မတော်အစိုးရလက်ထက်ကျမှပင် ရှမ်းပြည်နယ်အတွင်း လေကြောင်းလမ်း စသည့် လမ်းပန်းဆက်သွယ်မှုအခြေခံကောင်းများ ထင်

လတွင် လမ်းဖွင့်ပွဲအခမ်းအနားများပြုလုပ်ပြီး
င်း။
ကူးသည့်နေရာ၌ တံတားမဆောက်နိုင်သေးဘဲ
ူးနေကြရသည့်အတွက် အချိန်ကုန်၊ လူပင်ပန်း
တားကြီးပြီးစီးသည့်အပြင် လမ်းအပိုင်းကိုလည်း
ွားအောင် လိုအပ်သည့်နေရာများ၌ ပြုပြင်ပြီးဖြစ်
ယ်အားလုံး ပိုမိုလွယ်ကူချောမောစွာ ကူးသန်း
ာက်မြို့နယ်အကြား၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)
င်း)အကြား ကုန်စည်ရောင်းဝယ်မှုရော၊ ခရီး

သွားလာမှုပါ ပိုမိုတိုးတက်လာတော့မှာ ဖြစ်ကြောင်း၊ ယင်းလမ်းကြောင်းတစ်လျှောက်မှာရှိသည့် ကျေးရွာအုပ်စု ၁၀အုပ်စု၊ ရွာပေါင်း ၆၇ရွာ၌ အခြေချနေထိုင်သည့် အိမ်ထောင်စု ၅၇၅၂ စု၊ လူဦးရေ ၃၆၄၅၂ ဦးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အရ ပြည်သူ့အကျိုးပြုလုပ်ငန်း အောင်မြင်ပြီးမြောက်ရာလည်းရောက်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၄) က တာဝန်ယူတည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆက်သွယ်သောဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား (နောင်ချို)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ လမ်းများ၊ တံတားများကို တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ လမ်းညွှန်တာဝန်ပေးအပ်မှု၊ ပြည်သူများ၏ စောင့်ရှောက်မှု၊ တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင် အကောင်အထည်ဖော်နိုင်မှု စသည့် နိုင်ငံတော်၏အား၊ ပြည်သူများ၏အား၊ တပ်မတော်သားများ၏အား၊ အားသုံးအား ပေါင်းစည်းဆောင်ရွက်နိုင်မှုကြောင့်ပင်ဖြစ်။

င် ၁၀၀ခန့်တိုတောင်း
ခရီးရှည် မိုင်အရရော
ားလမ်းကြောင်းသစ်ဖြစ်

အထိ ၁၀၅ မိုင်ကျော် ရှည်လျားသည့် ဤ
ွန်ခဲ့သည့် ခုနစ်နှစ်ကျော်ခန့်က တပ်မတော်သား
ပြီး ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်ချို-
-တာပလန်း မိုင် ၃၀ ခန့်ကို အရှေ့မြောက်တိုင်း
က်ခံတပ်ရင်း၊ တပ်ဖွဲ့များကလည်းကောင်း၊
တီမြစ်အထိ ၇၆ မိုင် ကျော်ခန့်ကို အရှေ့ပိုင်းတိုင်း
ညွှန်မှုဖြင့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်၏
ဖွဲ့များကလည်းကောင်း တာဝန်ခံဖောက်လုပ်ခဲ့ပြီး

ုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်
ယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို
ဝတီမြစ်ကူးဒုဋ္ဌဝတီတံတား (နောင်ချို) ဖွင့်ပွဲ
ားပြောကြားစဉ်။ (သတင်းစဉ်)

အားသုံးအား

ယခုကဲ့သို့ လမ်းများ၊ တံတားများကို တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ လမ်းညွှန်တာဝန်ပေးအပ်မှု၊ ပြည်သူများ၏ စောင့်ရှောက်မှု၊ တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင် အကောင်အထည်ဖော်နိုင်မှုစသည့် နိုင်ငံတော်၏အား၊ ပြည်သူများ၏အား၊ တပ်မတော်သားများ၏အား၊ အားသုံးအား ပေါင်းစည်းဆောင်ရွက်နိုင်မှုကြောင့်ပင်ဖြစ်ကြောင်း။

ခေတ်မီလမ်းမကြီး

ရှမ်းပြည်နယ်တစ်ခုတည်းကိုပင် ကြည့်လျှင် ရှေးယခင်က မြေပြန့်ဒေသမှ ပြည်နယ်အတွင်းဝင်ထွက်သွားလာမည်ဆိုပါက မန္တလေး-နောင်ချို-ကျောက်မဲ-လားရှိုး လမ်းကြောင်းနှင့် မိတ္ထီလာ-သာစည်-ရွှေညောင် လမ်းကြောင်းများအတိုင်း သွားလာခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုလမ်းမကြီးများဖြစ်သည့် ဤလမ်းများသည်လည်း အပျက်အစီးများပြီး သွားရေးလာရေးနှောင့်နှေးနေသည့်အတွက် တပ်မတော်အစိုးရလက်ထက်တွင် ဤလမ်းမကြီးများကို မဖြစ်မနေ အဆင့်မြှင့်တင် ပြင်ဆင်ခဲ့သည့်အတိုင်း မန္တလေး-နောင်ချို-လားရှိုး-မူဆယ် လမ်းသည် ခေတ်မီလမ်းမကြီးအဖြစ်ပေါ်ထွက်လာခဲ့သလို မိုင် ၄၀၀ခန့် ရှည်လျားသည့် သာစည်-ကလော-ရွှေညောင်-တောင်ကြီး-လွိုင်လင်-နမ့်စန်-

မိမိတို့တပ်မတော်အစိုးရလက်ထက်ကျမှပင် ရှမ်းပြည်နယ်အတွင်း
လေကြောင်းလမ်း စသည့် လမ်းပန်းဆက်သွယ်မှုအခြေခံကောင်းများ ထင်

လတွင် လမ်းဖွင့်ပွဲအခမ်းအနားများပြုလုပ်ပြီး
င်း။

ကူးသည့်နေရာ၌ တံတားမဆောက်နိုင်သေးဘဲ
ူးနေကြရသည့်အတွက် အချိန်ကုန်၊ လူပင်ပန်း

တားကြီးပြီးစီးသည့်အပြင် လမ်းအပိုင်းကိုလည်း
ွားအောင် လိုအပ်သည့်နေရာများ၌ ပြုပြင်ပြီးဖြစ်
ယ်အားလုံး ပိုမိုလွယ်ကူချောမောစွာ ကူးသန်း

စောက်မြို့နယ်အကြား၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)
င်း)အကြား ကုန်စည်ရောင်းဝယ်မှုရော၊ ခရီး

သွားလာမှုပါ ပိုမိုတိုးတက်လာတော့မှာ ဖြစ်ကြောင်း၊ ယင်းလမ်းကြောင်းတစ်လျှောက်မှာရှိသည့် ကျေးရွာအုပ်စု ၁၀အုပ်စု၊ ရွာပေါင်း ၆၇ရွာ၌ အခြေချနေထိုင်သည့် အိမ်ထောင်စု ၅၇၅၂ စု၊ လူဦးရေ ၃၆၄၅၂ ဦးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အရ ပြည်သူ့အကျိုးပြုလုပ်ငန်း အောင်မြင်ပြီးမြောက်ရာလည်းရောက်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၄) က တာဝန်ယူတည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆက်သွယ်သောဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား (နောင်ချို) ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ လမ်းများ၊ တံတားများကို တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ လမ်းညွှန်တာဝန်ပေးအပ်မှု၊ ပြည်သူများ၏ စောင့်ရှောက်မှု၊ တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင် အကောင်အထည်ဖော်နိုင်မှု စသည့် နိုင်ငံတော်၏အား၊ ပြည်သူများ၏အား၊ တပ်မတော်သားများ၏အား၊ အားသုံးအား ပေါင်းစည်းဆောင်ရွက်နိုင်မှုကြောင့်ပင်ဖြစ်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းပြည် ခေတ်မီဖွံ့ဖြိုးရေးအတွက် လိုအပ်နေသော အခြေခံကောင်းများကို ကိုယ့်ခွန်ကိုယ့်အားအပေါ်၌ အခြေခံပြီး ကြိုးစားပမ်းစား တည်ဆောက်ပေးနေ

➪ စာမျက်နှာ ၉ မှ

သည် ငြိမ်းချမ်းသည့်၊ ဥပဒေစိုးမိုးသည့် နိုင်ငံရေးစနစ်အတွင်း ရောက်ရှိလာပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းလာခဲ့ကြပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ငြိမ်းချမ်းမှု၊ လုံခြုံမှုရရှိလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း နားလည်စာနာမှုနှင့် ပူးပေါင်းမှု ပိုမိုရရှိလာပြီး ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောက်ချ လုပ်လာနိုင်ပြီဖြစ်ကြောင်း။

မျှမျှတတ

တစ်ချိန်တစ်ခါက ရှမ်းပြည်နယ်၏ တိုးတက်မှုကို ပြည်နယ်၏ မြို့တော် တောင်ကြီးမြို့ တစ်ဝိုက်မှာပင် တွေ့မြင်ခဲ့ရခြင်းဖြစ်သော်လည်း ယနေ့ဆိုလျှင် တောင်ကြီးဒေသနှင့် အတူယှဉ်တွဲပြီး လားရှိုးဒေသနှင့် ကျိုင်းတုံဒေသ တို့သည်လည်း ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသကြီးများအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာနေပြီဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ကဏ္ဍစုံမှ တူညီသည့် အခွင့်အလမ်းများကို ဒေသအလိုက် လွယ်လင့်တကူ ရယူခံစားနိုင်အောင် စီမံအားပေးလိုက်သည့်အတွက် ရှမ်းပြည်နယ်၏ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် တိုတောင်းသည့်နှစ်ကာလအတွင်း မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

တောင်ကြီးမြို့သည် ပန်းမြို့တော်အဖြစ် သာယာလှပစွာ တိုးတက်ဖြစ်ပေါ်နေသည့်နည်းတူ လားရှိုးမြို့သည်လည်း ကုန်စည်ရောင်းဝယ်မှုအခြေခံကောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအခြေခံကောင်းရှိသည့် ဒေသအဖြစ် ပေါ်ထွက်လာလျက်ရှိကြောင်း၊ ထိုနည်းတူစွာပင် ကျိုင်းတုံမြို့သည်လည်း သံလွင်မြစ်၏အရှေ့ဘက်ကမ်း မြို့တော်အဖြစ် အဆင့်အတန်းရှိရှိ တိုးတက်လာနေခြင်း ဖြစ်ကြောင်း၊ ထို့အပြင် တာချီလိတ်၊ မူဆယ်၊ မိုင်းလား၊ လောက်ကိုင်တို့သည် နယ်စပ်မြို့များအဖြစ် စည်ကားတိုးတက်နေသကဲ့သို့ ကလော၊ ညောင်ရွှေ၊ ရပ်စောက်၊ ပင်းတယမြို့များသည်လည်း ရှေးကနှင့်မတူတော့ဘဲ တစ်မူထူးခြား ခံ့ညားလှပလာလျက်ရှိကြောင်း။

ဤကဲ့သို့အခြေအနေမျိုးတွင် ပြည်ထောင်စုစိတ်ဓာတ် အားပေးပျိုးထောင်ရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေးဒေသအဖြစ် တိုးချဲ့သတ်မှတ်ပြီး ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြှင့် ထူထောင်ရေးလုပ်ငန်းများကို အခြေချထူထောင်ပေးလိုက်ပြီဖြစ်သည့်အတွက် ပင်လုံဒေသသည်လည်း အပြိုင်အဆိုင် တိုးတက်လာပြီ ဖြစ်ကြောင်း၊ ခြုံလိုက်လျှင် ရှမ်းပြည်နယ်သည် နေရာဒေသအရ ကွက်လပ်မကျန် ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်လာနေသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး စသည်ဖြင့် ကဏ္ဍစုံ၊ နယ်ပယ်စုံမှ ပြောင်းလဲတိုးတက်လာနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ကိန်းဂဏန်းစာရင်းဇယားများ အရရော၊ မျက်မြင်ကိုယ်တွေ့ အခြေအနေများ အရပါ ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်လာနေမှုများကို အသိအမှတ်ပြုကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏စေတနာမှန်

ဤနေရာတွင် နိုင်ငံတော်အကြီးအကဲက ၂၀၀၂ခုနှစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသသို့ရောက်ရှိစဉ်-

"ရှမ်းပြည်နယ်တွင် ကျိုင်းတုံဒေသအပြင် လားရှိုးဒေသ၊ တောင်ကြီးဒေသများ၌လည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ပေးနေကြောင်း၊ ယခုအခါ ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံရာ၊လွတ်လပ်ရေး၏ အခြေခံရာ လျှိုင်လင်ခရိုင်၊ ပင်လုံဒေသကို ဖွံ့ဖြိုးရေးဒေသအဖြစ် တိုးချဲ့သတ်မှတ်၍ ရှမ်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် ကွက်လပ်မကျန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်နယ်၊ တိုင်း ၁၄ခုလုံး၌ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေရကြောင်း"

ဖြင့် ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုးအားလုံးအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာမှန်တို့ကို ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနှံ့၌ လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ တည်ဆောက်နေခြင်းသည် မြစ်ခြား ချောင်းခြားဖြစ်နေသည့် ဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ရှိလာပြီး တိုင်းရင်းသားညီအစ်ကိုများအကြား ရင်းရင်းနှီးနှီး အသိပညာဗဟုသုတများ ဖလှယ်နိုင်ရန်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကုန်စည်ရောင်းဝယ်ဖလှယ်နိုင်ရန်စသည့် ကျယ်ပြန့်သော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်လာရေးအကျိုးဆက်များအတွက်ကြောင့်ပင်ဖြစ်ကြောင်း၊ ထပ်ဆင့်ပြောရလျှင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများပြားပြီး အပြန်အလှန်နားလည်မှုနှင့် စာနာမှုများတိုးပွားလာခြင်း၊ ရင်းနှီးချစ်ခင်မှု ခိုင်မာလာခြင်း၊ တိုးတက်ဖွံ့ဖြိုးနေသောဒေသများနှင့် မဖွံ့ဖြိုးမတိုးတက်သေးသော ဒေသများအကြား ကွာဟနေမှုများ လျော့နည်းကျဆင်းလာခြင်း၊ ဒေသအသီးသီးရှိ တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုဘဝ မျှတစွာ မြင့်မားလာခြင်းစသည့် ကောင်းမှု၊ ကောင်းကျိုးများကို ရရှိလာမှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်မှု အခြေခံများကို ယခုကဲ့သို့ တည်ဆောက်နေသလို စီးပွားရေးအခြေခံအဆောက်အအုံများ၊ ပညာရေးအခြေခံအဆောက်အအုံများ၊ ကျန်းမာရေးအခြေခံ အဆောက်အအုံများစသည့် တိုင်းပြည် ခေတ်မီဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်နေသော အခြေခံကောင်းများကို ကိုယ့်ခွန်ကိုယ့်အားအပေါ်၌ အခြေခံပြီး ကြိုးစားပမ်းစား တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် ဤကဲ့သို့ အခြေခံကောင်းများသည် ရှမ်းပြည်နယ်၌သာမက အခြား ပြည်နယ်၊ တိုင်း အားလုံးမှာပါ လုံလုံလောက်လောက် ခိုင်ခိုင်မာမာ ဖြစ်ပေါ်တည်ရှိနေပြီဖြစ်ကြောင်း။

ထိထိရောက်ရောက်အသုံးချ

ဤအခြေခံကောင်းများကို ပြည်နယ်၊ တိုင်းအားလုံးက ထိထိရောက်ရောက် အသုံးချပြီး မိမိနယ်မြေ၊ မိမိဒေသ အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်သာယာရေး၊ မိမိတို့၏ နောင်လာနောက်သား မျိုးဆက်သစ်များ၏ အနာဂတ်ကောင်းစားရေး၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် အခွန့်ရှည်စွာ ရှင်သန်ရပ်တည်ရေးတို့ကို ဆက်လက်ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း။

ဤကဲ့သို့ လုပ်ကိုင်ဖော်ဆောင်သွားနိုင်ရေးအတွက်လည်း တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များကို မှန်မှန်ကန်ကန် ချမှတ်ပေးထားပြီးဖြစ်သည့်အတွက် မူဝါဒပိုင်းနှင့် လက်တွေ့ပိုင်းကို မှန်မှန်ကန်ကန် ပေါင်းစပ်ပြီး ခေတ်မီနိုင်ငံတော်ကြီးကို ဆက်လက် တည်ဆောက်ပုံဖော်သွားကြရမှာဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

ကောင်းမှု ကောင်းကျိုးများ

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများပြားပြီး အပြန်အလှန်နားလည်မှုနှင့် စာနာမှုများ တိုးပွားလာခြင်း၊ ရင်းနှီးချစ်ခင်မှု ခိုင်မာလာခြင်း၊ တိုးတက်ဖွံ့ဖြိုးနေသောဒေသများနှင့် မဖွံ့ဖြိုးမတိုးတက်သေးသော ဒေသများအကြား ကွာဟနေမှုများလျော့နည်း ကျဆင်းလာခြင်း၊ ဒေသအသီးသီးရှိ တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုဘဝ မျှတစွာ မြင့်မားလာခြင်းစသည့် ကောင်းမှု၊ ကောင်းကျိုးများကို ရရှိလာမှာဖြစ်။

မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးနှင့် ဆီလျော်ကိုက်ညီသည့်ဒီမိုကရေစီ လူနေမှုဘဝကို ကိုယ်ပိုင်လမ်းကြောင်းမှန်အတိုင်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပေါင်းစည်းထူထောင်

☆ စာမျက်နှာ ၁၀ မှ

နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် တတိယနှင့် စတုတ္ထဦးတည်ချက်များဖြစ်သော ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်ရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို အစီအစဉ်တကျ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အတိအလင်းချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ် အဆင့်ဆင့်အနက် ပထမအဆင့်အနေဖြင့် တိုင်းရင်းသားလူမျိုးစုံနှင့် လူထုလူတန်းစား အလွှာစုံကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အတော်ပင်ခရီးရောက်နေပြီဖြစ်ကြောင်း၊ နောင်အနာဂတ်နိုင်ငံတော်၏ ပုံရိပ်ကိုပင်မှန်းဆ၍ရနိုင်သည့်အဆင့်ကို ရောက်နေပြီဖြစ်ကြောင်း၊ ဤသည်မှာလည်းနိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးအားလုံး အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့၏ အောင်မြင်မှုရလဒ်များဖြစ်သည်ဟု သုံးသပ်ရမှာဖြစ်ကြောင်း။

ဝိုင်းဝန်းကာကွယ်

ဤအောင်မြင်မှုရလဒ်များကို ပျက်စီးရာပျက်စီးကြောင်းအတွက် နိုင်ငံရေးသမားအမည်ခံ မြေပေါ်၊ မြေအောက်၊ ပြည်ပရောက် အဖျက်သမားအင်အားစုအချို့သည် နိုင်ငံရေးနည်းအရရော အကြမ်းဖက်နည်းလမ်းများအရပါ ပူးပေါင်းကြံစည်လုပ်ကိုင်ဖန်တီးမှုများ ပြုလုပ်လာလျက်ရှိကြောင်း၊ ဤအဖျက်သမားများ၏ အမြော်အမြင်နည်းပါးစွာ စည်ကျိုးပြည်ဖျက် လုပ်ကြံဖန်တီးမှု၊ ပြည်ပသြဇာခံယူပြီး စွပ်စွဲပြောဆို သွေးခွဲမှုများကြောင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအစီအစဉ်များ တုံ့နှေးမသွားရအောင်၊ ရပ်တန့်မသွားရအောင်၊ ပျက်ပြားမသွားရအောင် တိုင်းရင်းသားပြည်သူအပေါင်းသည် အမြော်အမြင်တရားဖြင့် အထူးသတိရှိရှိ ဝိုင်းဝန်းကာကွယ်သွားကြရန် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးနှင့် ဆီလျော်ကိုက်ညီသည့်ဒီမိုကရေစီ လူနေမှုဘဝကို မိမိတို့ရွေးချယ်ချမှတ်ထားသည့် ကိုယ်ပိုင်လမ်းကြောင်းမှန်အတိုင်း၊ ခွဲ၊ လုံ့လ၊ ဝီရိယရှိရှိ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပေါင်းစည်းပြီး ကြိုးပမ်းထူထောင်သွားကြရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အားဖြင့် ဒုဋ္ဌဝတီတံတား(နောင်ချို)သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း) နောင်ချိုမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့အကြား ခြားနေသည့် ဒုဋ္ဌဝတီမြစ်၏ သဘာဝအကန့်အသတ်၊ အဆီးအတားကို ပေါင်းကူးကျော်လွှားဆက်စပ်ပေးနိုင်သည့် နည်းတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးလုပ်ငန်းတွင်လည်း မည်သို့သော အကန့်အသတ် တားဆီးပိတ်ပင်မှု၊ လုပ်ကြံဖန်တီးမှု၊ ဖိအားပေးမှုများ ကြုံတွေ့စေကာမူ အမျိုးသားရေးစွမ်းအား၊ အမျိုးသားရေးအားမာန်တို့ဖြင့် ကျော်လွှားရန်းကန်ပြီး အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့အရောက် တက်လှမ်းကြပါစို့ဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ပြီးခဲ့သည့်လ ၂၁ရက်နေ့ကပင် သံလွင်တံတား (တာပါး)ကို ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင် ဒုဋ္ဌဝတီတံတား (နောင်ချို)ကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း၌ ၁၉၈၈ခုနှစ်အထိ လမ်းမိုင် ၄၀၇၇ မိုင်သာ ရှိခဲ့သော်လည်း ယခုဆိုလျှင် မိုင် ၄၅၃၀ဖြစ်လာပြီဖြစ်၍ ၄၅၃ မိုင် တိုးတက်ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပေ ၁၈၀ နှင့်အထက် တံတားများကို ဤတံတားအပါအဝင် ၁၈၄ စင်း၊ အခြားဌာနများမှ ၁၅ စင်း စုစုပေါင်း ပေ ၁၈၀ နှင့်အထက် တံတား ၁၉၉ စင်း တည်ဆောက်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၌ ဤတံတားသည် ၁၂ စင်း မြောက်ဖြစ်ကြောင်း၊ ဆက်လက်၍ ရွှေလီတံတား (နမ့်ခမ်း)ကိုလည်း တည်ဆောက်နေပြီဖြစ်ကြောင်း၊ ဤတံတားဖွင့်လှစ်နိုင်ခြင်းကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို အတားအဆီးမရှိ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ရာ ဤတံတားကြီး ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းသွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ပိုမိုသာယာလှပ

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် ဒုဋ္ဌဝတီတံတား(နောင်ချို)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် တံတားကြီး၏ တစ်ဖက်တစ်ချက်စီတွင် အများစုနေထိုင်ကြသည့် ဓနုတိုင်းရင်းသားများ အပါအဝင် ဒေသခံပြည်သူများ၏ဘဝသည် ပိုမိုသာယာလှပလာတော့မှာဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဒုဋ္ဌဝတီတံတား (နောင်ချို) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဤတံတားကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆက်သွယ်ထားသည့် အတိုဆုံးလမ်းကြောင်းပေါ်၌ တည်ရှိသော ပြည်ထောင်စုပေါင်းကူးတံတားတစ်စင်းဖြစ်ကြောင်း။

ဤတံတားကြောင့် တိုင်းရင်းသား သွေးချင်းညီအစ်ကိုများ အချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်၍ စည်းလုံးညီညွတ်မှုကို တိုးပွားဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ ဤတံတားကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဘဝတို့သည်လည်းအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

တံတားကြီးသုံးစင်း

တပ်မတော်အစိုးရအနေဖြင့် ဆယ်စုနှစ်ကာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် အခိုင်အမာတံတားကြီးတံတားငယ် စုစုပေါင်း ၃၃၃ စင်း၊ ပေ ၆၀၀ အရှည်ရှိ သံလွင်မြစ်ကူး(တာပါး)တံတား၊ ပေ ၆၀၀ အရှည်ရှိ သံလွင်မြစ်ကူး(တာကော်အက်)တံတား၊ ၄၆၅ပေ အရှည်ရှိ ယခုဒုဋ္ဌဝတီမြစ်ကူး(နောင်ချို)တံတားအပါအဝင် တံတားကြီးသုံးစင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဤဒုဋ္ဌဝတီတံတား(နောင်ချို)ကို အချိန်တိုကာလအတွင်း တည်ဆောက်ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့် ကျွမ်းကျင်ဝန်ထမ်းများ၊ အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား အထူးပင်ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း။

ဒုဋ္ဌဝတီတံတား(နောင်ချို)သည် လမ်းပန်းဆက်သွယ်မှုကဏ္ဍတွင် အခြေခံအဆောက်အအုံတစ်ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည့်နည်းတူ ဒေသနေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အလွန်အရေးပါသော အခြေခံအဆောက်အအုံကြီးတစ်ခုကို တည်ဆောက်အကောင်အထည်ဖော်နိုင်ခြင်းဖြစ်သည့်အတွက် ဒေသနေတိုင်းရင်းသား ပြည်သူများ၏ ကိုယ်စား အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် ဒုဋ္ဌဝတီမြစ်ကူးတံတားသည် ပြည်ထောင်စုကြီး၏ ပေါင်းကူးတံတားကြီးများအနက်မှ တံတားတစ်စင်းဖြစ်ကြောင်း၊ ဤတံတားတည်ဆောက်ပေးသည့်အတွက် အကျိုးရလဒ်များစွာရရှိသည်ကို တွေ့မြင်နိုင်ကြောင်း။

အကျိုးရလဒ်

အထူးထင်ရှားသိသာစေသည့် အကျိုးရလဒ်မှာ ယခင်က ရှမ်းပြည်နယ်တောင်ကြီးမြို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့သို့ သွားပါက အောင်ပန်း၊ ရွာငံ၊ မန္တလေး၊ ပြင်ဦးလွင်မှ နောင်ချိုသို့ ခရီးမိုင် ၂၄၄ မိုင် သွားရပြီး ယခုဆိုလျှင် ဒုဋ္ဌဝတီမြစ်ကူးတံတားကိုဖြတ်ပြီး တောင်ကြီး၊ ရွှေညောင်၊ ရပ်စောက်၊ အင်တော၊ ကျောက်ဂူမှ နောင်ချိုသို့သွားလျှင် ခရီးမိုင် ၁၅၆ မိုင်သာ ရှိတော့သည့်အတွက် ခရီးမိုင် ၈၈ မိုင် သက်သာသွားခြင်းပင်ဖြစ်ကြောင်း။

ရပ်စောက်မြို့နယ် ပြည်သူလူထုအနေဖြင့် ရွှေညောင်-အောင်ပန်း-ရွာငံ-မန္တလေးလမ်းမှသွားလျှင် ၂၆၈ မိုင် ခရီးရှိပြီး ယခု ဒုဋ္ဌဝတီတံတားပေါ်က ဖြတ်သွားလျှင် ခရီးမိုင် ၁၀၈ မိုင်သာရှိ၍ ခရီးမိုင် ၁၆၀သက်သာ တိုတောင်းသွားစေကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆက်သွယ်သည့် ခရီးအတိုဆုံးလမ်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တံတားတည်ဆောက်ပေးပြီးဖြစ်သကဲ့သို့ လမ်းအပိုင်းကိုလည်း ပထမအဆင့် ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်နေပြီဖြစ်သလို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုအနေဖြင့် အချိန်မရွေး၊ ရာသီမရွေးသွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

ရှမ်းပြည်နယ် (တောင်ပိုင်း)အနေဖြင့် လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်း၊ လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်-တန့်ယန်းလမ်းနှင့် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်းများကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့သကဲ့သို့ တံတားတည်ဆောက်ရေး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●

ဒေသခံပြည်သူများကိုယ်စား နောင်ချိုမြို့နယ် ကံကြီးကျေးရွာမှ ဓနုတိုင်းရင်းသား ဦးအောင်နိုင်ထွန်း ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးနေ့အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်

ရန်ကုန် ဇွန် ၆

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၃၀ရက် နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ပညာသင်နှစ် စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းပညာရေးမှူး ဦးတိုးအောင်က ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့က မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်များကို ပေးအပ်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ၂၀၀၅-၂၀၀၆ခုနှစ်၊ ပညာသင်နှစ် ချီ့တဲ့ကျောင်းသား၊ ကျောင်းသူများအတွက်အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးတင်မောင်မိသားစု ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက်မှ ငွေကျပ်သိန်း ၂၀၊ မုံရွာမြို့ လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၀၅၀၀၀၀၊ တိုင်းအတွင်းရှိ ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ် ၁၁၁၀၀၀၀၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ အပါအဝင် အလှူရှင်အသီးသီးက စုစုပေါင်း ငွေကျပ် ၅၈၉၀၀၀၀ ကို ပေးအပ်လှူဒါန်း ကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဗုဒ္ဓဓမ္မစာပေ စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၆

မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက်လုံးဆိုင်ရာ ဥဒ္ဒနာဓမ္မာရုံတွင် ဗုဒ္ဓ၊ ဓမ္မစာပေ စာကြည့်တိုက်ဖွင့်ပွဲနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ရီရီရှိန်၊ ဓမ္မာရုံဥက္ကဋ္ဌ ဦးမျိုးမြင့်၊ စာကြည့်တိုက်တာဝန်ခံ ဦးစိုးရီ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အလှူရှင်များက စာကြည့်တိုက်အတွက် သုတ၊ ရသနှင့် ဓမ္မစာပေ စာအုပ်များကို ပေးအပ်လှူဒါန်းကြကြောင်းသိရသည်။ (ပြန်/ဆက်)

(၁၀) ရက်တရားစခန်း

ရန်ကုန် ဇွန် ၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာ အလုပ်ပေးတရားတော်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇွန် ၁၅ရက်မှ ၂၄ရက်၊ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) (ဒုတိယအလွှာ)တွင် ဓမ္မဒါနပြုမည်ဖြစ်သည်။ (က-ပ)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကျိုင်းတုံမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၇၄၇)အား ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

'ဓမ္မဗိမာန်စာပေဆု'နှင့်'ဆန်းလွင်'စာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

ရန်ကုန် ဇွန် ၆

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသနဝရ (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော "ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု"များကို စိတ်ပါဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ထိုပြိုင်ပွဲတွင် သာသနာ့သမိုင်း စာပေဆု(ပထမ၊ ဒုတိယ၊ တတိယ)၊ အထွေထွေ ဓမ္မစာပေဆု(ပထမ၊ ဒုတိယ၊တတိယ)၊ ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာစာပေဆု(ပထမ၊ ဒုတိယ၊ တတိယ)၊ ဓမ္မယဉ်ကျေးမှု စာပေဆု (ပထမ၊ ဒုတိယ၊ တတိယ)၊ ပိဋကတ်ကျမ်းစာသုတေသန စာပေဆု(ပထမဆု)၊ ပုံနှိပ်ပြီး ဓမ္မစာပေဆု(ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုရှစ်ဆု အမျိုးအစား ခုနစ်မျိုးတို့ကို ဆုရွေးချယ်မည်ဖြစ်သည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုများကို ၂၀၀၅ခုနှစ် စာမေးပွဲမှ အထူးအောင် ရဟန်း၊ သာမဏေ၊ သီလရှင် ပထမဆုရသူများကို ချီးမြှင့်မည်။ ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၅ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေ စာအုပ်များထဲမှ ရွေးချယ်မည်။ ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့ လိပ်မူ၍ စာအုပ် နှစ်အုပ် ပို့ပေးရမည်၊ ပြိုင်ပွဲဝင်စာမူများကို ၃၀-၉-၂၀၀၅ရက် ရုံးချိန် အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မဗိမာန် အမှတ် (၆၀၆) ဒုတိယထပ် (၅)လမ်းနှင့်(၆)လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၂၁၁၃၅၉၊ ၃၈၅၁၉၃ သို့ အခမဲ့လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကျိုင်းတုံမြို့တွင် လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇွန် ၄ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲ (ခ)အဆင့်သို့ သွားရောက်ကာ ဌာနခွဲအတွင်း လုံခြုံရေးဆောင်ရွက်ထားမှု၊ စက်သုံးဆီများ သိုလှောင်ထားရှိမှု၊ စက်သုံးဆီ သယ်ပို့ယာဉ်များ ပြုပြင်ထိန်းသိမ်းထားမှု၊ မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ မိမိတို့တာဝန်ယူထိန်းသိမ်းထားရသော စက်သုံးဆီဖြန့်ဖြူးရေးဌာနများ၊ အရောင်းဆိုင်များ၊ သိုလှောင်ကန်များ၏ လုံခြုံရေးကိုအထူးဂရုစိုက်ဆောင်ရွက်ရန်၊ ဝန်ကြီးဌာနက ချမှတ်ပေးထားသော လုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ပစ္စည်း၊ ငွေကြေးများ ထိန်းသိမ်းရာတွင် မသမာမှု မဖြစ်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့်သာ ဝန်ထမ်းသက်သာကို ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စက်သုံးဆီဆိုင်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၇၄၇)သို့ သွားရောက်ကာ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ စက်သုံးဆီ သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးရောင်းချပေးနေမှုများနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အသင့်အသုံးပြုနိုင်ခြင်း ရှိမရှိ၊ ကိုင်တွယ်အသုံးပြုတတ်ခြင်း ရှိမရှိ တို့ကို စစ်ဆေး၍ စက်သုံးဆီများ လေလွင့်မှုမရှိစေရေး၊ မသမာမှုများ မဖြစ်စေရေး မှာကြားဆွေးနွေးသည်။

အကြိုညီလာခံ

ဇွန် ၅ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးသည် ကျိုင်းတုံမြို့ မြို့တော်ခန်းမတွင်ကျင်းပသော ရှမ်းပြည်နယ် အရှေ့ပိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ တက်ရောက်ပြီး အခမ်းအနားအပြီး၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေနှင့်အတူ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား သီးခြားတွေ့ဆုံ၍ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်သွားရမည့် လုပ်ငန်းများကို လည်းကောင်း ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

အောင်သပြေကုမ္ပဏီလီမိတက်၏ (၁၁)ဆိုင်မြောက် အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး၊ Hanwha ကုမ္ပဏီနှင့် ဘယ်လ်ဂျီယံနိုင်ငံ Devos Caby Co.,မှ ပုဂ္ဂိုလ်များနှင့် အောင်သပြေ ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းတို့က အရောင်းပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အောင်သပြေကုမ္ပဏီလီမိတက် အရောင်းပြခန်းဖွင့်

ရန်ကုန် ဇွန် ၆

အောင်သပြေ ကုမ္ပဏီလီမိတက်၏ (၁၁)ဆိုင်မြောက် အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း အမှတ်(၃)ရှိ အဆိုပါ အရောင်းပြခန်းရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Lee Ju-Heum၊ စီးပွားရေးသံမှူး Mr. Choi Yong Tae၊ Hanwha Chemical Co., Ltd မှ Mr. S.K. Kim၊ ဘယ်လ်ဂျီယံနိုင်ငံ Devos Caby Co. မှ Mr. Greet Desmet နှင့် ဘဏ်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကုမ္ပဏီဝန်ထမ်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ Hanwha ကုမ္ပဏီနှင့် ဘယ်လ်ဂျီယံနိုင်ငံ Devos Caby Co.,မှ ပုဂ္ဂိုလ်များနှင့် အောင်သပြေ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းတို့က အမှာစကားပြောကြားကြပြီး အရောင်းပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။

အောင်သပြေ ကုမ္ပဏီလီမိတက်သည် ကိုရီးယားသမ္မတနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှ ထုတ်လုပ်သော ဖယောင်းပုဆိုး၊ ကော်ဇော၊ မိုးရေကာဖျင်နှင့် အခင်းအမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ယနေ့မှ ဇူလိုင် ၆ရက် အထိ ၃ ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိ ဈေးနှုန်းလျှော့ရောင်းချပေးမည် ဖြစ်သည်။ (သတင်းစဉ်)

ငွေကြေးပစ္စည်းထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲ

ရန်ကုန် ဇွန် ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ငွေကြေးပစ္စည်းထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၅)ဖွင့်ပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရုံးချုပ်သင်တန်းခန်းမတွင် ယနေ့ကျင်းပရာ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဒုတိယအထွေထွေ မန်နေဂျာနှင့် အရာထမ်းများ၊ ရုံးချုပ်ဝန်ထမ်းများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၃၅ဦး တက်ရောက်သည်။ (၃၂)

● စာမျက်နှာ ၁၁ မှ

အပိုင်းကိုကြည့်လျှင် လဲချားမြို့နယ်၌ ပေ ၂၄၀ ရှည် မက်လန်းတံတား၊လင်းခေးမြို့နယ်၌ ပေ ၂၉၀ ရှည် လင်းခေးတံတားနှင့် ပေ ၁၄၀ ရှည် နမ့်ယွန်းတံတား၊ မိုင်းကိုင်မြို့နယ်၌ ပေ ၈၀ ရှည် တုံလောတံတား၊ မိုင်းပန်မြို့နယ်၌ ပေ ၉၀၀ ရှည် သံလွင်မြစ်ကူးတံတား(တာဆန်း)တံတားကြီးများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် မိုင်းကိုင်မြို့နယ်၌ ဆားတောတံတားနှင့် မောက်မယ်မြို့နယ်၌ ကျောင်းခုံတံတားများကိုလည်း ယခုနှစ်အတွင်း အပြီးတည်ဆောက်နေပြီဖြစ်ကြောင်း။

နယ်မြေဒေသတစ်ခုတည်းအတွက်သာမက နိုင်ငံတော်ကြီးတစ်ခုလုံးအတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများရရှိအောင် လမ်းညွှန်စီမံပေးသော နိုင်ငံတော်အကြီးအကဲနှင့်တကွ တံတားကြီးကို တာဝန်ယူ တည်ဆောက်ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားကြီးကိုပြီးမြောက်အောင် ဆောက်လုပ်ကြသည့် အင်ဂျင်နီယာမှူးကြီးများ၊ ကာယ၊ ဉာဏဝန်ထမ်းများအားလုံးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူအားလုံးကို ရှမ်းပြည်နယ် ပြည်သူလူထုတစ်ရပ်လုံး၏ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား နောင်ချိုမြို့နယ် ကံကြီးကျေးရွာမှ ဓနုတိုင်းရင်းသား ဦးအောင်နိုင်ထွန်းက ဒုဋ္ဌဝတီတံတား(နောင်ချို)တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တံတားကိုဖဲကြိုးဖြတ် ဖွင့်လှစ်မည့်နေရာ၌ နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် တံတားကြီးကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဒုဋ္ဌဝတီ တံတား(နောင်ချို)ကို ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း မိုင်တိုင်အမှတ်(၁၁၅/၄)၌ တည်ဆောက်ထားခြင်းဖြစ်သည်။

တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ ကြမ်းခင်းနှင့် C.Hသံပေါင်ရက်မကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်ရေတွင်းခွေအုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင် အမျိုးအစားဖြစ်သည်။

၄၆၅ပေရှည်

တံတားအရှည်မှာ ၄၆၅ပေဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ပေနှင့် တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းတို့ပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ်မှာ ပေ ၈၀နှင့် အမြင့်မှာ ၁၈ပေဖြစ်သည်။

ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားဖြစ်သည်။

ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ၂၂-၂-၂၀၀၄ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၅-၅-၂၀၀၅ ရက်တွင် ပြီးစီးခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈း၀၀ ၆။ အကပြိုင်ပွဲ

၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ

၈း၂၀ ၈။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ Let's Go.

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English for Everyday Use.

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၅း၃၀ ၇။ အတီးပြိုင်ပွဲ

၅း၄၀ ၈။ ခံစားနားဆင်တေးဓာတ်ဝင်

၅း၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၆း၁၅ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ မျောက်မင်းဂူခုန်း (အပိုင်း-၁၀၀)**

၆း၃၀ ၁၁။ ညနေခင်းသတင်း

၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၃။ တေးဂီတအစီအစဉ်

၇း၂၀ ၁၄။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၇း၃၅ ၁၅။ ကြေးမုံရိပ်သွင် တေးနယ်ဉ်

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟေမာန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၂၄)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

❐ စာမျက်နှာ ၇ မှ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့်တကွ တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဌာနများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်မြှင့်တင်နိုင်ရန် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်နိုင်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုလုပ်ငန်းများအစီအစဉ် ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Kofi A. Annanနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Dr. Klaus Toepfer တို့၏ သဝဏ်လွှာများကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသူများအား ဂုဏ်ပြုဆုချီးမြှင့်ရာ စွမ်းဆောင်ရည်ပထမဆုရ ဦးမြသန်း(ဇာဏီဟိန်း-သီပေါ)၊ ဒုတိယဆုရ ဦးတင်ဝင်း(ရွှေနဂါးတင်ဝင်း)နှင့် တတိယဆုရ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းတို့အား လည်းကောင်း၊ ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ဦးအေးမြင့်၊ ဒုတိယဆုရ မစိမ်းစိမ်း၊ တတိယဆုရ မထားစုငြိမ်းနှင့် ဂုဏ်ပြုဆုများရရှိကြသည့် ဒေါက်တာဆင့်စိုး၊ မောင်ဝင်းပြည့်ဖြိုးပိုင်၊ ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း-စက်မှုတက္ကသိုလ်)၊ မအေးမြင့်မြတ်စိုးနှင့် ဒေါ်နန်းမေသူတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုလုပ်ငန်းများအစီအစဉ် ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie က ၂၀၀၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြပွဲတွင်ပါဝင်ကူညီခဲ့ကြသည့် သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဧည့်သည်တော်များနှင့်အတူ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသော ၂၀၀၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဝင်ဆုရစာစီစာကုံးများနှင့် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူး၍ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် စွမ်းဆောင်ရည် ဒုတိယဆုရ ဦးတင်ဝင်း (ရွှေနဂါးတင်ဝင်း)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



စီးတီးမတ် မိသားစု ငွေလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၆

စီးတီးမတ် စူပါမားကက် မိသားစု၏ စတုတ္ထအကြိမ်မြောက် မိခင်များနေ့ အထိမ်းအမှတ်လှူဒါန်းပွဲကို ဇွန် ၄ရက် နံနက်က ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများတွင် ကျင်းပခဲ့သည်။

လှူဒါန်း

၂၀၀၅ ခုနှစ် ဈေးရောင်းပွဲတော်မှ ရရှိသည့် အမြတ်ငွေ ကျပ် ၂၉ သိန်းခြောက်သောင်းကို လှူဒါန်းခဲ့ရာတွင် သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဥာဏစာရီ မြန်အောင် သီလရှင် စာသင်တိုက်သို့ ငွေကျပ်သုံးသိန်း **(ဝဲပုံ)**၊ သာသနာ့ဂုဏ်ရည် သီလရှင်ပညာရေးကျောင်းသို့ ငွေကျပ်သုံးသိန်း ရှစ်သောင်း၊ ရတနာပုံရိပ်ငြိမ် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေကျပ်သုံးသိန်း၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးသို့ ငွေကျပ်သုံးသိန်း၊ မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ ငွေကျပ် ငါးသိန်း၊ ရန်ကုန် အမျိုးသမီးကလေးများသင်တန်းကျောင်းသို့ ငွေကျပ်သုံးသိန်း ရှစ်သောင်း၊ ကမ္ဘာအေး လူငယ်သင်တန်းကျောင်းသို့ ငွေကျပ်ငါးသိန်းနှင့် ဘဝသစ် မိဘမဲ့ကလေးများ စင်တာသို့ ငွေကျပ်သုံးသိန်း အသီးသီး လှူဒါန်းခဲ့သည်။ (က-ပ)

မြို့ပြသန့်ရှင်းစိမ်းလန်းရေးအစီအစဉ်များ မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော်လျက်ရှိ ရန်ကုန်မြို့တော်ကို အရှေ့တောင်အာရှဒေသ၏ ဥယျာဉ်မြို့တော်အဖြစ် တိုးမြှင့်ရန်ရည်ရွယ်

ရန်ကုန်မြို့တော်နှင့် မိုင် ၃၀ ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနၥ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်းမှာရှိသည့် နိုင်ငံအများစုသည် သဘာဝပတ်ဝန်းကျင်ကို အလေးထားသည့်အနေဖြင့် အထူးအခမ်းအနားများကို ကျင်းပပြုလုပ်နေကြသကဲ့သို့ မိမိတို့ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် စွမ်းဆောင်ရည် ပထမဆုရ ဦးမြသန်း(ဇာဏီဟိန်း-သီပေါ)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများစိုးရိမ်ထိတ်လန့်စေရန်နှင့် အတ္တအကျိုးအတွက် ဈေးကစားနိုင်ရန် အဖျက်သမားများက ကောလာဟလမျိုးစုံ ထုတ်လွှင့်လျက်ရှိ သက်ဆိုင်ရာက အချိန်မီသွားရောက်စစ်ဆေးရာ မှန်ကန်မှုမရှိ၊ အခြေအမြစ်မရှိသည့် လုပ်ကြံဖန်တီးမှုများသာဖြစ်ကြောင်းတွေ့ရ ပြည်သူများလုံခြုံရေးအတွက် မျက်ခြည်မပြတ်စောင့်ကြပ်စစ်ဆေး စီမံဆောင်ရွက်လျက်ရှိပြီး သတင်းမှန်များကိုလည်း အမြဲမပြတ်ထုတ်ပြန်ပေးနေ ကောလာဟလကိုမယုံကြည်ဘဲ အဖျက်အမှောင့်သမားများအား ဖော်ထုတ်ဖယ်ရှားနိုင်ရေး ပါဝင်ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ထား

ရန်ကုန် ဇွန် ၆

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အဖျက်အမှောင့်သမားများသည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နည်းမျိုးစုံ အသုံးပြု၍ လုပ်ဆောင်လျက်ရှိပြီး မဟုတ်မမှန်သည့် ကောလာဟလသတင်းများကိုလည်း လုပ်ကြံဖန်တီးထုတ်လွှင့်လျက်ရှိသည်။

ယခုအခါတွင် အဖျက်အမှောင့်သမားများသည် ရန်ကုန်မြို့တွင်း လူစည်ကားရာနေရာများ၊ စူပါမားကက်များ၊ ဈေးများနှင့် စာသင်ကျောင်းများ၌ "ဗုံးပေါက်ကွဲသည်"၊ "ဗုံးပေါက်ကွဲလိမ့်မည်" ဟူသည့် မဟုတ်မမှန်သည့် ကောလာဟလသတင်းများကို လုပ်ကြံဖန်တီးထုတ်လွှင့်၍ တည်ငြိမ်မှုပျက်ပြားအောင်၊ ပြည်သူများ စိုးရိမ်ထိတ်လန့်ပြီး လုပ်ငန်းကိုင်ငန်းပျက်အောင်၊ ၎င်းတို့အတ္တအကျိုးအတွက် ဈေးကစားနိုင်အောင် လုပ်ကြံဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

လုပ်ကြံဖန်တီးမှုများဖြစ်

အဆိုပါ ကောလာဟလထုတ်လွှင့်သည့်နေရာများသို့ သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီ သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ရာ မှန်ကန်မှုမရှိဘဲ အခြေအမြစ်မရှိသည့် လုပ်ကြံဖန်တီးမှုများသာဖြစ်ကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း လုံခြုံရေးနှင့်ပတ်သက်၍ မျက်ခြည်မပြတ် စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး သတင်းမှန်များကိုလည်း အမြဲမပြတ် ထုတ်ပြန်ပေးလျက်ရှိသဖြင့် လုပ်ကြံထုတ်လွှင့်သည့် ကောလာဟလသတင်းများကို မယုံကြည်ကြရန် ပြည်သူများအား ထပ်မံအသိပေး နှိုးဆော်ထားသည်။

ထို့အပြင် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနဝန်ထမ်းများအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ လုံခြုံရေးအတွက် လိုအပ်သောအစီအမံများနှင့် ဆောင်ရွက်မှုများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့အတူ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များကလည်း မိမိတို့၏ရုံး၊ ဌာန၊ လုပ်ငန်းခွင်၊ လူအများ ဝင်ထွက်သွားလာသည့် စူပါမားကက်၊ ရပ်ရှင်ရုံစသည့် နေရာများတွင် နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့် လုံခြုံရေးအစီအမံများကို ဆောင်ရွက်နေကြပြီဖြစ်သည်။

အထူးလိုအပ်

သို့ရာတွင် အကြမ်းဖက်အဖျက်အမှောင့်သမားများသည် အများပြည်သူကဲ့သို့ အသွင်ဆောင်ပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်းဖြင့် လျှို့ဝှက်သွားလာဝင်ထွက်၍ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် ထိုအကြမ်းဖက်လုပ်ရပ်များကို အပြည့်အဝ ကာကွယ်တားဆီးနိုင်ရန်မှာ ပြည်သူတစ်ရပ်လုံး၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် မိမိတို့၏ ရပ်ကွက်နယ်မြေများအတွင်းတွင် လည်းကောင်း၊ နိစ္စဓူဝ သွားလာလုပ်ကိုင် ဆောင်ရွက်ကြရာတွင်လည်းကောင်း မသင်္ကာဖွယ်ဖြစ်သော လူစိမ်းများ၊ ပစ္စည်းများ၊ လှုပ်ရှား ဆောင်ရွက်မှုများ၊ မဟုတ်မမှန် ကောလာဟလ လုပ်ကြံထုတ်လွှင့်မှုများကို တွေ့ရှိကြားသိရပါက တာဝန်ရှိသူများအား အမြန်ဆုံး အကြောင်းကြားအသိပေးရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)